# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၂၂)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် ၊ ၁၇-၇-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး)ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဓလ**

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၁၇ ရက်၊ ကြာသပတေးနေ့။
မန္တလေး နေ့စဉ်

## မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိသည်။

ခိုင်မာသော မျိုးစေ့လုပ်ငန်းတစ်ခုဟူသည် အရည်အသွေးပြည့်မီသောမျိုးစေ့များကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာတွင် လိုအပ်သောပမာဏကို တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြည်တွင်း၌ထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းနည်းလမ်းများဖြင့် မျိုးစေ့ဖူလုံမှုကို ဆောင်ရွက်နေသော်လည်း ရေရှည်တွင် သီးနှံစုံစိုက်ပျိုးရေးအတွက် လိုအပ်သောမျိုးစေ့များကို မိမိတို့နိုင်ငံ၏ ကွဲပြားခြားနားသည့် ရေမြေ ရာသီဥတုအနေအထားအရ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပြီး ပြည်တွင်းမျိုးစေ့လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအပြင် တဖြည်းဖြည်းကြီးမားလာလျက်ရှိသည့် ကမ္ဘာ့မျိုးစေ့ဈေးကွက်ရှိ ဒေသတွင်းနိုင်ငံများ၏ မျိုးစေ့ဈေးကွက်ကို မျှဝေရယူနိုင်မည့် အခွင့်အလမ်းများအရ ပြည်တွင်း မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။ အနာဂတ်ကာလတွင် မျိုးစေ့ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်တင်ပို့သည့်နိုင်ငံအဖြစ်ပေါ်ထွန်းလာစေရန် လိုအပ်သော ပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးခြင်း။ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေကြသော အဖွဲ့အစည်းများ။ ပုဂ္ဂလိကကုမ္ပဏီများ တောင်သူများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း။ သို့မှသာ တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများသာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စဝေးဆောင်ခန်းမ၌ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါမှုကို တင်ပြပြီး သက်ဆိုင်ရာပညာရှင်များက မျိုးစေ့ဥပဒေ၊ စည်းမျဉ်းများနှင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အလေ့အကျင့်ကောင်းများ။ မြန်မာ့မျိုးစေ့သုတေသနနှင့် မျိုးကွဲသစ်များဖော်ထုတ်ခြင်း အစရှိသည်တို့ကို တင်ပြဆွေးနွေးကြသည်။

မြန်မာ့မျိုးစေ့ကဏ္ဍ၏ လက်ရှိအခြေအနေကို နားလည်သဘောပေါက်ရန်နှင့် အဓိကစိန်ခေါ်မှုများကို ဖော်ထုတ်ရန်၊ မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေး ထိန်းချုပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ သုံးသပ်ချက်များကိုသိရှိစေရန်၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဝေတာဝန်ယူခြင်းအားဖြင့် သီးနှံများအထွက်တိုးရေးကို အထောက်အကူဖြစ်စေရန်၊ မျိုးစေ့ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် မူဝါဒအကြံပြုချက်များ ချမှတ်ရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက်ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ တံမြက်စည်းစုရပ်ကွက်၊ လမ်း၄၀၊ လမ်း၆၀နှင့် ၆၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ကျွန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်းဆုံတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၁၇ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(ဘဘ-၁၈)၊ ၄၅လမ်းနှင့် ၁၁၄ လမ်းထောင့်တွင်လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင် အာဇာနည်နေ့(ရုံးပိတ်ရက်)ဖြစ်၍ သက်သာဈေးရောင်းချမှုအစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၉) ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့



**မန္တလေး ဇူလိုင် ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၉)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၆)ထပ်ဆောင်အောက် မြေညီထပ်တွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကိုစိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။ **(အပေါ်ပုံ)**

(၉)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာတွင် ကန်စွန်းရွက်အစည်း ၃၀၀၊ ခရမ်းသီး ၃၇၀ ထုပ်၊ ငရုတ်သီး ၁၀ ထုပ်၊ ဖရုံညွှန့် အစည်း ၁၀၀၊ ဘူးသီး ၃၇ လုံး၊ ရွှေဖရုံသီးရှစ်လုံးတို့ကို စီမံရေးရာဌာနရှိ ဝန်ထမ်း ၁၂၈ ဦး၊ စည်ပင်သာယာရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင် ၈၀ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနရှိ ဝန်ထမ်း ၁၆၀ ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့်တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ စာအုပ်၊ စာပေများကို ရင်းနှီးကျွမ်းဝင်စေရန်နှင့် အသိပညာဗဟုသုတများ သိရှိစေရန်အတွက် စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ၊ အသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားလူငယ်များ စာအုပ်၊ စာပေများ ရင်းနှီးကျွမ်းဝင်စေရန်နှင့် အသိပညာဗဟုသုတများ ပြည့်ဝစေရန်အတွက် သုတ၊ ရသ စာအုပ်များကို ခင်းကျင်းပြသခဲ့ပြီး လူငယ်များ၏ ဘဝတက်လမ်းကို ဖျက်ဆီးစေနိုင်သည့် မူးယစ်ဆေးဝါး အန္တရာယ် ကာကွယ်တားဆီးရေးနှင့် လူငယ်များ၏ ပညာရေးကို ထိခိုက်စေသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**(ချမ်းမြေ့မောင်)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

✰ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး)နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်၌ အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အချိန်နှင့်တစ်ပြေးညီ ကူညီပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများတွင်လည်း ဆက်လက်ကူညီပေးသွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး)တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက် ယာယီဝန်ထမ်းအိမ်ရာများ၊ ယာယီရုံးများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၆

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီဝန်ထမ်းအိမ်ရာများအနီး၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့်အရာထမ်း၊ အမှုထမ်းများက ကျွန်းပင် ၁၁၀၊ ပိတောက်ပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ ခရေပင် ၅၀ စုစုပေါင်းပျိုးပင် ၂၆၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးယာယီရုံးတွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများပုံမှန်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၁၆

ငါးသယံဇာတ တိုးပွားလာစေရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မင်္ဂလာကန်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ဇနီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးပေးသည့် ငါးမြစ်ချင်း ၅၀၀၀ နှင့် ငါးခုံးမကြီး ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တပ်ကုန်းမြို့နယ် ညောင်ပင်သာနှင့် မကျီးပင်ကျေးရွာတို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၆

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ညောင်ပင်သာရွာနှင့် မကျီးပင်ကျေးရွာတို့သို့ သွားရောက်၍ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဦးစွာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအဖြစ် မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အမျိုးသမီးများအား အခြေခံစက်ချုပ်နည်းပညာသင်တန်းပို့ချသင်ကြားပေးနေမှုကို လည်းကောင်း၊ ရေတွင်းဖြူကျောင်းတိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တပ်ကုန်းမြို့နယ် ဦးစီးမှူးရုံးက မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်း(၃)စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်တကျထုတ်ပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် မကျီးပင်ညောင်ပင်သာကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကာ သဘာဝဘေးဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ပင်သာကျေးရွာ ရှင်းလင်းဆောင်၌ သဘာဝဘေးဒဏ်သင့်ကျေးရွာများဖြစ်သည့် မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ယခုနှစ်ပိုင်းအတွင်း အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပြီး ပြည်သူများလည်း ထိခိုက်ခံစားခဲ့ရကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့်သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သော်လည်း မိမိတို့တွင် ရှိသည့်အားဖြင့် ပြန်လည်ရုန်းထ၍ မိမိတို့ဘဝရှေ့ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့မှ ပြည်သူများ နေထိုင်နိုင်ရန် လူနေအိမ်များ တည်ဆောက်ပေးခဲ့ပြီး ကြက်ခြေနီအသင်းကလည်း ရေနှင့် မိလ္လာအဆင်ပြေစေရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ယခုကျေးရွာနှစ်ရွာ၌ နောင်တွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် မြစ်၊ ချောင်းများ ထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်သွားမည့်အပြင် ပြန်လည်ထူထောင်ရေးကာလအလွန်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူကျေးရွာများအတွင်း ခရီးစဉ်ဒေသများ ဖော်ထုတ်၍ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေအနားယူခြင်းမှတစ်ဆင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဝင်ငွေတိုးတက်ရရှိစေရန်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့ရပ်ရွာသန့်ရှင်းလှပစေရန် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းစီမံချက်ကို ယခုကျေးရွာနှစ်ရွာတွင် ရှေ့ပြေးစီမံချက်ဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင် သဘာဝဘေးအန္တရာယ် ကျရောက်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ထူထောင်ရေးစီမံကိန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက သဘာဝဘေးဒဏ်သင့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့တွင် ဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးက Contract Farming စနစ်ဖြင့် ရုံးပတီစမ်းသပ်စိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ညောင်ပင်သာကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးအား MRTV DTH စလောင်းနှင့် DVB-T2 Set Top Box တို့ကိုပေးအပ်ပြီး ကော်မတီဝင်ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့က မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့အတွက် MRTV DTH စလောင်း၊ DVB-T2 Set Top Box နှင့် ကျေးရွာစာကြည့်တိုက်တို့အတွက် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်ကြသည်။

ယင်းနောက် မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့မှ ပြည်သူများက ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုအခြေအနေ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာကျေးရွာအတွင်းရှိ ရေဘေးသင့်ပြည်သူများ နေထိုင်နိုင်ရန် တည်ဆောက်ပေးထားသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်စုများအလိုက် နေထိုင်စားသောက်မှုအခြေအနေများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နဝင်းချောင်းကမ်းထိန်းလုပ်ငန်း လျာထားဆောင်ရွက်နေမှုအခြေအနေ၊ ကျေးရွာအတွင်း တပ်ကုန်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ နေပြည်တော်လူမှုဝန်ထမ်းရုံးက ထိခိုက်လွယ်အုပ်စု(၄)အုပ်စုတို့မှ ပြည်သူများအား စောင့်ရှောက်ပေးနေမှုနှင့် ကျေးရွာအတွင်း အသားကဏ္ဍဖူလုံစေရန် ရည်ရွယ်၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာရှိ သားခိုတောင် မဟာအတုလလောက ရန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေနှင့် MRTV DVB-T2 Set Top Box တို့ကို ဘုရားဂေါပကတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင် သားခိုတောင်ဒေသကို ပြည်သူများလာရောက်လေ့လာနိုင်မည့် ဒေသန္တရခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်ကာ ညောင်ပင်သာ အပန်းဖြေစခန်းနှင့် တွဲဖက်၍ လျာထားဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ ဘမ်ဘူးဝါးထုတ်ကုန်သမဝါယမအသင်းလီမိတက်ရှိ ဝါးသင်တန်းခန်းမ၌ အသင်းသူ အသင်းသားများနှင့်တွေ့ဆုံ၍ ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# ဧရာဝတီမြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၆

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေ သည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ မန္တလေးလျှင်ကြီးကြောင့် လျှင်ဘေးသင့် အာမခံအလုပ်သမား (၁၁၈၇၀)ဦးကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ်(၉၆၈ ဒသမ ၁၈၁)သန်းနှင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား (၁၆)ဦးအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်(ငွေလုံး) ကျပ်(၁၀၃ ဒသမ ၄၇၀)သန်း ခွင့်ပြုထုတ်ပေး

**မန္တလေး ဇူလိုင် ၁၆**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ မန္တလေးလျှင်ကြီးကြောင့် လျှင်ဘေးသင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်နှင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမားများ၏ ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံး) ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လျှင်ဘေးသင့် အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယဝန်ကြီးက လူမှုဖူလုံရေးအနေဖြင့် အလုပ်သမားများနှင့် မှီခိုသူများ၏ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လူမှုအကာအကွယ်စောင့်ရှောက်ရေးကို လူတိုင်းခံစားခွင့်ရရှိနိုင်ရေး၊ တစ်မျိုးသားလုံး အကျုံးဝင်သည့် လူမှုဖူလုံရေးစီမံကိန်းတစ်ရပ်ဖြစ်လာရေး မျှော်မှန်းချက်ထားရှိကာ ရည်ရွယ်ချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် အာမခံစနစ်ခံစားခွင့်တစ်ခုဖြစ်သည့် အာမခံထားသူများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တို့တွင် အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်များ ထောက်ပံ့ပေးနိုင်ရန် အာမခံထားသူ၏ အများဆုံး လုပ်ခဝင်ငွေကို ၃ သိန်းကျပ် တစ်ပြေးညီသတ်မှတ်၍ အဆိုပါ တစ်လလုပ်ခဝင်ငွေကျပ် ၃ သိန်းအပေါ်အခြေခံကာ မူလတန်းပညာသင်စရိတ်အတွက် လုပ်ခဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း၊ အလယ်တန်းပညာသင်စရိတ်အတွက် လုပ်ခဝင်ငွေ၏ ၁၅ ရာခိုင်နှုန်း၊ အထက်တန်းပညာသင်စရိတ်အတွက် လုပ်ခဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်စရိတ်အတွက် လုပ်ခဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းတို့ကို စိစစ်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသည့်အလုပ်ဌာန (၇၃၉၅)ဌာနရှိ အာမခံအလုပ်သမား (၁၂၅၆၇၃)ဦးအနက် စိစစ်ပြီး အာမခံအလုပ်သမား (၁၁၈၇၀)ဦးကို ငွေကျပ် ၉၆၈ ဒသမ ၁၈၁သန်းနှင့် အလုပ်လုပ်ကိုင်နေစဉ် လျှင်လှုပ်ခတ်မှုကြောင့် လုပ်ငန်းခွင်ထိခိုက်သေဆုံးခဲ့သူ အာမခံအလုပ်သမား (၁၆)ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၀၃ ဒသမ ၄၇၀ သန်းကို ခွင့်ပြုထုတ်ပေးမည်ဖြစ်ပါကြောင်း၊ မိသားစုထောက်ပံ့မှု အာမခံစနစ်ပါ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Online Payment System နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပုဂ္ဂလိကဘဏ်များသို့ Digital Payment System ဖြင့် အာမခံအလုပ်သမားများလက်ဝယ်အရောက် စနစ်တကျ လွယ်ကူမြန်ဆန်စွာ ရောက်ရှိစေရေး လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ ဒုတိယဝန်ကြီးက အာမခံအလုပ်သမား (၁၁၈၇၀)ဦးအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းအတွက် ငွေကျပ် ၉၆၈ ဒသမ ၁၈၁ သန်းကို လွှဲပြောင်းပေးအပ်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လျှင်ဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့သူ (၁၆)ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၀၃ ဒသမ ၄၇၀ သန်းကို ကျန်ရစ်သူမိသားစုများနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားရာတွင် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများကို ဆေးကုသမှုနှင့် ငွေကြေးအကျိုးခံစားခွင့်များ ပေးရာတွင် ခေတ်နှင့်လျော်ညီပြီး ပိုမိုထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီပေးအပ်နိုင်အောင် ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် ရေကြီးရေလျှံမှုများ ခံစားခဲ့ရသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအာမခံအလုပ်သမား (၁၁၉၇)ဦးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၉၇ ဒသမ ၁၁၄ သန်းကို ခွင့်ပြုထုတ်ပေး၍ အခမ်းအနားဖြင့် ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခမ်းအနားတွင် မန္တလေးလျှင်ဒဏ်ခံစားခဲ့ကြရသည့် လူမှုဖူလုံရေးအာမခံအလုပ်သမား (၁၁၈၇၀)ဦးအတွက် ငွေကျပ် ၉၆၈ ဒသမ ၁၈၁ သန်းကို Online Payment များမှတစ်ဆင့် ခွင့်ပြုထုတ်ပေးသွားမည်ဟု သိရှိရပါကြောင်း နှင့် ခွင့်ပြုထုတ်ပေးသည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများမှာ ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် အပြည့်အဝခံစားနိုင်မည်ဖြစ်ရာ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများကို ဥပဒေနှင့်အညီ အားလုံးအကျုံးဝင်မှတ်ပုံတင်ထားရန်လိုအပ်ပါကြောင်း ပြောကြားပြီးနောက် အာမခံအလုပ်သမားများကိုယ်စား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အာမခံအလုပ်သမား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့မှ Mobile Medical Unit(MMU) ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသဝန်ဆောင်မှုပေးနေခြင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ ဒုတိယဝန်ကြီးသည် မန္တလေးအလုပ်သမားဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသည့် အာမခံအလုပ်သမားများကို အားပေးစကားများပြောကြား၍ ဆေးရုံမှ တာဝန်ရှိသူများအား ကောင်းမွန်သည့်ဆေးကုသမှုဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်ရေး မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**










သတင်း-စာမျက်နှာ ၅


ဆေးထုတ်ရန်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန


အလုပ်သမားဝန်ကြီးဌာန


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅)သို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅) အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခင်အစည်းအဝေး(၁/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့်အညီ တိကျမှန်ကန်စွာဖြင့် အချိန်ကြန့်ကြာမှုမရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအနေဖြင့် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ အပြည့်အဝအသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူးက ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့ထားသည့် လုပ်ငန်းစာတွဲများ




အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များက အထွေထွေအကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

## အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ချမ်းအေးသာစံမြို့နယ် အ·လ·က (၁၀)ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက်တွင် ကျင်းပခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

အဆိုပါ ဟောပြောပွဲကို ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့် အချက်များ၊ စားသုံးသူနစ်နာဆုံးရှုံးပါက တိုင်ကြားနိုင်သည့် နယ်ပယ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသိပညာပေးဟောပြောခြင်းများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)






## ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**ဂန့်ဂေါ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီနှင့် မတ်လအတွက် ထောက်ပံ့ငွေကျပ် ၄၀၀၀၀ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဂန့်ဂေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူ ၉၄၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဖေဖော်ဝါရီနှင့် မတ်လအတွက် ငွေကျပ် ၄၀၀၀၀ နှုန်းစီဖြင့် စုစုပေါင်းငွေကျပ် ၃၇၇၆၀၀၀၀ ကို ပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ (အပေါ်ပုံ)

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝေဖြိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမြင့်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများ တက်ရောက်ခဲ့ကြပြီး ထောက်ပံ့ငွေထုတ်ယူရန် ကျန်ရှိသူများအားလည်း နောက်ရက်များတွင် ဆက်လက်၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မျိုးမင်း**

## စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေဖြင့် ဒဟတ်ပန်းလမ်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်

**နတ်မောက် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းကို ဒဟတ်ပန်းလမ်း၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒဟတ်ပန်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၀ အကုန်အကျခံကာ အရှည် ၂၅၂ ဒဿမ ၁၃ မီတာ၊ အကျယ် ၃ ဒဿမ ၆၆ မီတာနှင့် ထု ၀ ဒဿမ ၂ မီတာအား တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါကွန်ကရစ်လမ်း ပြီးစီးပါက ရာသီမရွေး ဒေသခံပြည်သူများ ဝင်၊ ထွက်သွားလာမှုလွယ်ကူပြီး မိုးတွင်းကာလတွင် ဗွက်ထခြင်း၊ ရေဝပ်ခြင်း၊ သွားလာမှု ခက်ခဲခြင်းများ ကင်းဝေးစေ၍ အများပြည်သူ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(အောက်ပုံ)

(မူမူစန်း)



သင့်သွေးဖြင့် အသက်ကယ်ပါ။



နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ရဲစခန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် တရားရုံးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့မဈေးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ရှိ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ပြည်သူ့ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့မြန်မာ့စီးပွားရေးဘဏ်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၂၄ မှ

ထို့ပြင် တရုတ်- မြန်မာ နယ်စပ်စီးပွားရေး၏ အဓိကလမ်းမကြီးဖြစ်သော မန္တလေး-မူဆယ်လမ်းမကြီး (အမှတ် ၁၄ အာရှလမ်းမကြီး) သည် နောင်ချိုမြို့နယ်အတွင်း အနောက်မှအရှေ့သို့ဖြတ်သန်းပြီး ပြင်ဦးလွင် - မန္တလေးမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားမြို့ရွာများနှင့် ကျောက်မဲမြို့မှတစ်ဆင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့ရွာများသို့လည်း ဆက်သွယ်သွားလာနိုင်သည့် မြို့ဖြစ်သည်။

ရှမ်း၊ ဓနုနှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြကာ ဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်ကြပြီး ဘာသာတရားအဆုံးအမနှင့်အညီ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် နောင်ချိုမြို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေး၊ ဓာတ်သတ္တု၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ရေတံခွန်များ၊ ထုံးကျောက်ဂူများ၊ တောတောင်ရှုခင်းအလှများ၊ မတူကွဲပြားသောလူမျိုးစုများ၊ သမိုင်းဝင်နေရာများစွာရှိနေသော နောင်ချိုမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ခရီးသွားများ များစွာဝင်ရောက်မှုတို့နှင့်အတူ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွားလည်း တိုးတက်စည်ပင်သာယာသည့် အေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုသို့ အေးချမ်းသာယာပြီး တိုးတက်မှုအဟုန်မြင့်မားနေသည့် နောင်ချိုမြို့သို့ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှ စတင်၍ မြို့နှင့် မြို့လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ရင်း/တပ်ဖွဲ့၊ ဌာနချုပ်များအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့/ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီတိုက်ပွဲရှောင်စခန်းများသို့ မိမိတို့၏ တိုက်တာ အိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

## ပြန်လည်ခုခံ

ထိုသို့ သာလွန်အင်အားဖြင့် အလစ်အငိုက်လာရောက်တိုက်ခိုက်မှုကြောင့် နောင်ချိုမြို့ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်စစ်ကြောင်းများသည် နောင်ချိုမြို့နှင့် မိမိတို့၏ တပ်ရင်းဌာနချုပ်များ၊ ရန်သူ့လက်တွင်းသို့ မကျဆုံးစေရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန် ခုခံခဲ့သော်လည်း ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာခြင်းနှင့် ရန်သူမှ အင်အားအဆမတန် များပြားလာခြင်းတို့ကြောင့် ကြားခံစစ် အဆင့်ဆင့်ဖြင့် ခံစစ်ဆင် ဆုတ်ခွာခဲ့ကာ တောင်ခမ်းတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ နယ်မြေခံတပ်များနှင့်ပူးပေါင်း၍ တောင်ခမ်းနှင့် ပြင်ဦးလွင် - နောင်ချိုမြို့နယ် ထိစပ်နေသည့်ဒေသတို့၌ ယာယီခံစစ်ဆင်ကာ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ပြန်လည်ခုခံခဲ့သည်။

နောင်ချိုမြို့အား ယာယီထိန်းချုပ်ထားရှိပြီး စစ်ရေးလှုပ်ရှားမှု အရှိန်မြှင့်တင်လာသည့် TNLA အဖွဲ့၊ MDY-PDF နှင့် ဓနု PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်မှစတင်၍ တောင်ခမ်းတပ်နယ် အနီးတစ်ဝိုက်ရှိ ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအတွင်း ဝင်ရောက်နေရာယူပြီး ရွာသူ ရွာသားများအား လူသားတံတိုင်းသဖွယ် အသုံးပြု၍ တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် စတင်တိုက်ခိုက်ခဲ့ကြရာ မိမိတပ်များက စစ်ဗျူဟာ အရေးကြီးမြေများတွင် ဖြန့်ခွဲ၍ အသင့်ခံစစ်ပြင်ဆင်ခုခံတိုက်ခိုက်မှုများကြောင့် အလွယ်တကူ ထိုးဖောက်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ Drone များ၊ လက်နက်ကြီးများအသုံးပြု၍ တပ်ရင်းဌာနချုပ်များနှင့် တပ်စခန်းများကို တိုက်ခိုက်ခဲ့ပြီး အဖွဲ့ငယ်များခွဲကာ အလစ်အငိုက် တိုက်ခိုက်ခြင်းများ၊ အဓိက အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့် နောင်လင်း - မဲပုတ် - ဈေးကုန်းလမ်း၊ နားရှီး-ဈေးကုန်းလမ်းဆုံတို့အား ဖြတ်တောက်ပိတ်ဆို့ခြင်း၊ ယာပြင် - အင်းဖို - တောင်ရှည်လမ်းကြောင်းအား ထိုးဖောက်ဝင်ရောက်၍ တောင်ခမ်းရွာနေရာများကို ဖြတ်တောက်ပိတ်ဆို့တိုက်ခိုက်ခြင်း၊ နောင်လင်း-မဲပုတ်-မကျည်းရေ လမ်းကြောင်းမှတစ်ဆင့် တပ်မတော်စခန်းများအား တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြင်ဦးလွင်-နောင်ချို ဆက်သွယ်ရေးလမ်းမကြီးပေါ်ရှိ ကျောက်ကြမ်း၊ အုမ္မခါး၊ ရေမောင်းတန်း၊ အုမ္မသီး၊ ဘန့်ဘွေးဒေသနှင့် ပြင်ဦးလွင်-မိုးကုတ်လမ်းကြောင်းပေါ်ရှိ ဟိုခိုး၊ သံဘို၊ ကျောက်မဲလေးဒေသအထိ တိုးချဲ့တိုက်ခိုက်လာခဲ့သည်။

စာမျက်နှာ ၉ သို့ ✪



နမ့်ဆောင်ဟူးကျောင်းတိုက်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တောင်ခမ်းအနီးရှိ ရန်သူ့စခန်းကုန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ရန်သူထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ



ရန်သူထံမှ သိမ်းဆည်းရမိ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ



ရန်သူထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ



ရန်သူထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ





နောင်ချိုမြို့နယ် မန်မော်ဘုရားကုန်းတွင် အကြမ်းဖက်သောင်းကျန်းသူများက ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။



ဂုတ်တွင်းတံတားအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

✪ စာမျက်နှာ ၈ မှ

ထိုသို့ တိုက်ခိုက်ခြင်းများကြောင့် တောင်ခမ်းဒေသသို့ တပ်မတော်မှ ကွန်မန်ဒိုအဖွဲ့များ၊ စစ်ကူစစ်ကြောင်းများနှင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများအား အမြန်ဆုံး ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီး ပစ်ကူများ ပူးပေါင်းကာ မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် နေရာများသို့ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ဖြင့် တန်ပြန်တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မကျည်းရေမှတစ်ဆင့် တောင်ခမ်းသို့ ဆက်သွယ်သည့် အုပ်ချုပ်မှုလမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ ကျောက်မဲလေးဒေသမှ သံဘိုကျေးရွာအနီးနှင့် ဘန်ဘွေးဒေသမှ ဂန့်ဂေါ – အုမ္မသီးလမ်းခွဲတို့အား တန်ပြန်တိုက်စစ်ဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။

**ပြန်လည်ထိန်းချုပ်နိုင်**

တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ စိတ်ဓာတ်ရေးရာကို ပြင်းထန်စွာ ရိုက်ချိုးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုကို အပြည့်အဝရရှိလာသည့်အတွက် တပ်မတော်စစ်ကြောင်းများမှ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များသည် စိတ်ဓာတ်ခွန်အား တက်ကြွမှု၊ တိုက်လို ခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် အောင်မြေချဲ့ထွင်မှုများကို မြေပြင်၊ ဝေဟင် စစ်နည်းဗျူဟာမြောက် အဆင့်ဆင့်ပေါင်းစပ်၍ အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်း တည်ဆောက်ထားသည့်နေရာများကိုအဆင့်ဆင့် လိုက်လံ တိုက်ခိုက်ချေမှုန်းခဲ့ပြီး နောင်ချိုမြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး စစ်ကြောင်းများခွဲ၍ "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း" တိုက်ခိုက်ခဲ့ရာ တောင်ခမ်း–ကံကြီး – နောင်ချို လမ်းကြောင်းရှိ နမ့်ဆောင်ဟူး တစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် လည်းကောင်း၊ တောင်ခမ်း–ရွှေသွန်း – ဂုတ်ထိပ် – နောင်ချိုလမ်းကြောင်းရှိ ဂုတ်ထိပ်အနီးတစ်ဝိုက်အား ဇူလိုင် ၁၂ ရက်တွင် လည်းကောင်း၊ ပြင်ဦးလွင်–နောင်ချို ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ရှိ အုမ္မသီးလမ်းခွဲမှ အုမ္မခါးကျေးရွာအထိအား ဇွန် ၂၅ ရက်တွင် လည်းကောင်း၊ ကျောက်ကြမ်းနေရာ တစ်ဝိုက်အား ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး အောင်မြင်စွာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နှင့် အဆို ပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး အဆင့်ဆင့်ပစ်ကျင်းများတူး၍ ချဉ်းကပ်ခဲ့ပြီး အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လ အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး အကြိမ် ၂၀၊ ထိတွေ့မှုပေါင်း ၅၆၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ထင်ရှားသည့်တိုက်ပွဲများအနေဖြင့် ငုံးမင်းစေတီတိုက်ပွဲ၊ ပို့င့် ၁၁၃၀တိုက်ပွဲ၊ ဇေတဝန်ဘုရားကုန်းတိုက်ပွဲ၊ မကျည်းရေဘုန်းကြီးကျောင်း တိုက်ပွဲ၊ ထုံးဖိုစုကျေးရွာတိုက်ပွဲ၊ ကမ္ဘောဇဘုန်းကြီးကျောင်းတိုက်ပွဲ၊ နားရှီးကျေးရွာတိုက်ပွဲ၊ ရွှေစံဖော်ဘုန်းကြီးကျောင်းတိုက်ပွဲ၊ ဆယ်တောင်ပြည့်ဘုရားကုန်းတိုက်ပွဲ၊ မန်မောကျေးရွာတိုက်ပွဲ၊ တောင်ရှည်ကျေးရွာတိုက်ပွဲ၊ ကျောက်ကြမ်းတိုက်ပွဲ၊ နမ့်ဆောင်ဟူးတိုက်ပွဲ၊ မျက်ချင်းနုတိုက်ပွဲ၊ ရွှေပြည်ညွန့်တိုက်ပွဲ၊ ရွှေသွန်းတိုက်ပွဲ၊ ကုန်းစံတိုက်ပွဲ၊ ဂုတ်ထိပ်တိုက်ပွဲ၊ ပို့င့်–၁၁၁၈ တိုက်ပွဲများဖြစ်ပြီး ရန်သူ့ထံမှ အလောင်း ၁၇၁ လောင်း၊ လက်နက်မျိုးစုံ ၁၆၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်အား ဆက်လက်ခုခံနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ကစဉ့်ကလျားဆုတ်ခွာ ထွက်ပြေးသွားခဲ့သဖြင့် ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် နောင်ချိုမြို့တစ်မြို့လုံးအား တပ်မတော်က

စာမျက်နှာ ၁၀ သို့ ✪

# တာချီလိတ်မြို့၌ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး နှစ်ဦးအားထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်



နေပြည်တော် ဇူလိုင် ၁၆

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ တာချီလိတ်မြို့တွင် ဇူလိုင် ၁ ရက်က ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှ မူးယစ်အမှုဖြင့် အလိုရှိ ထိုင်းနိုင်ငံသား တရားခံပြေး နှစ်ဦးအား ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံမူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ထံသို့ ထိုင်းနိုင်ငံအတွင်း မူးယစ်ပြစ်မှုများ ကျူးလွန်ပြီး မြန်မာနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် Mr.Techin Nowong(မစ္စတာ တီချန်းနဝန်) နှင့် Mr. Chamang Kanthawong (မစ္စတာ ချမန်ကန်ထဝန်)တို့ နှစ်ဦးအား ကူညီစုံစမ်းဖော်ထုတ် ဖမ်းဆီးပေးပါရန် သတင်းဖလှယ်ပေးပို့ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလိုရှိတရားခံပြေး နှစ်ဦးအား ဇူလိုင် ၁ ရက်တွင် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ အဆိုပါအလိုရှိတရားခံ နှစ်ဦးအား နှစ်နိုင်ငံတည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင် ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် Pol.Lt.Gen. Phanurat Lukboon ဦးဆောင်သည့်အဖွဲ့ထံသို့ ဇူလိုင် ၁၆ ရက်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)၌ လွှဲပြောင်းပေးအပ်ခဲ့သည်။

နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော် မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန်ဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေသည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၆

ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းနင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် ည ၆ နာရီတွင် သတင်းအရ ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် မန္တလေးမြို့မှ မြဝတီမြို့သို့ အောင်ကျော်ထွန်းမောင်းနှင်ပြီး ကြေးမုံဝင်း၊ ကျော်မျိုးအောင်နှင့် ရွှေရည်တို့လိုက်ပါလာသော ယာဉ်အားရှာဖွေရာ ငွေကျပ် ၁ ဒသမ ၂၈၃၆ ဘီလီယံတန်ဖိုးရှိ ဘိန်းဆီခဲ ၁၉ ဒသမ ၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃၅၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၂၂ ဒသမ ၆ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၇၈၀)၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၅ သိန်း)၊ ကတ်တမင်း ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၂၀၀)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၈၀)တို့ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား မိုင်းရယ်မြို့နေ ညီညီထွေး(ခ)Sun မိုင်းရယ်က မြဝတီမြို့နေ မျိုးဇော်ငြိမ်းထံသို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




ပြစ်မှုကျူးလွန်သူ အောင်ကျော်ထွန်း၊ ကြေးမုံဝင်း၊ ကျော်မျိုးအောင်နှင့် ရွှေရည်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "@user662681067808" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြေနုသဲကျောကျေးရွာနေ ထွန်းနိုင်(ခ) ကျားကြီး(ခ)ကရင်ကြီး ၄၇ နှစ်အား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် နတ်တလင်းမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာတွင်ဖြစ်ပွားခဲ့သော လူသတ်မှု၌ပါဝင်ပတ်သက်သူများအား သေဒဏ်နှင့်ထောင်ဒဏ်များ အသီးသီးကျခံစေရန် တရားရုံးက အမိန့်ချမှတ်

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာ၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်က တိုက်အမှတ် (K-1)၊ အခန်း(၁၃)တွင်နေထိုင်သူ ဒေါ်စန္ဒာမိုးသည် ၎င်း၏ နေအိမ်တိုက်ခန်းအတွင်းရှိ ဧည့်ခန်း၌ ဝမ်းဗိုက်ပတ်လည်တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ ဒေါ်စန္ဒာမိုးမှာ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ပြီး တရားခံများကို ပျဉ်းမနားခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

တရားခံများအား ပျဉ်းမနားခရိုင် တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် ၆၄/၂၀၂၄ ဖြင့် လက်ခံစစ်ဆေးပြီး တရားခံ(၁)မျိုးမင်းထွန်း၊ (၂)ဖြိုးသက်ပိုင်(ခ) ကိုဖြိုး၊ (၃) ရဲလင်းဦး(ခ) ရဲရဲ (ခ) ကိုရဲနှင့် (၄) ဖြိုးဝေလင်း(ခ) ကရင်တို့ လေးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၁၀၂ (၁)(ခ)/၃၄ အရ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် သေဒဏ်၊ (၁)(၂)(၃) တရားခံတို့အား ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရလည်းကောင်း၊ (၄) တရားခံသည် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၀၉ အရလည်းကောင်း ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ စီကျခံစေရန် ပျဉ်းမနားခရိုင် တရားရုံးက ဇူလိုင် ၇ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

✪ စာမျက်နှာ ၉ မှ

အပြီးတိုင် အောင်မြင်စွာသိမ်းပိုက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ မိမိအိုးအိမ်နေရာများ၊ မိမိတို့၏ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့် ဆန္ဒ၊ အကြမ်းဖက် သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှုဘေးမှ ကင်းဝေးပြီး အေးချမ်းစွာ မိမိလူမှုစီးပွားဘဝအတွက် ရှာဖွေစားသောက်လုပ်ကိုင်လိုစိတ် ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တိုက်ပွဲကာလများ မတိုင်မီ နိုင်ငံရေးခံယူချက် မတူညီမှုကြောင့် တပ်မတော်အား မထောက်ခံသူ လူနည်းစုဖြစ်သော အရပ်သားပြည်သူအချို့နှင့် နေအိမ်၊ ဥစ္စာပစ္စည်းများကို စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများသည် ၎င်းတို့ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လက်အောက်သို့ ရောက်ရှိသွားပါက အခြေခံလူ့အခွင့်အရေး ဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်အဘက်ဘက်မှ နှိမ့်ကျသွားနိုင်သည်ကိုလက်တွေ့သဘောပေါက်နားလည်လာသည့်အတွက်တပ်မတော်အားစိတ်အားထက်သန်စွာ အားပေးထောက်ခံလာကြပြီး မြေပြင်သတင်းရရှိမှုများအား နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်လာခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် နောင်ချိုမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကို ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသည့် လမ်းများအား မြေဖြတ်ခြင်းများ ပြုလုပ်ဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအချက်အချာကျသည့် ဂုတ်တွင်းတံတား အပါအဝင် အခြားလမ်း/တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်းတွေ့ရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့အတွင်းသို့ ယာယီနေရပ် စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ ဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး ဦးစားပေး ရှင်းလင်းဖော်ထုတ်ခြင်းကို ဂျီနီဗာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်စာသင်ကျောင်းများ၊ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ နောင်ချိုဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလားတောင်းတလျက်ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံခိုင်မာစေရေးကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် တိုက်ပွဲဝင် တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား မြဝတီရုပ်မြင်သံကြား အဖွဲ့သူ၊ အဖွဲ့သားများအားလုံးက လေးစားစွာ ဂုဏ်ပြုပါကြောင်းနှင့် အလားတူ ရှေ့တန်းတိုက်ပွဲဝင် တပ်မတော်သားအရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအတွက် အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ် စသည့် စိတ်ဓာတ်ခွန်အား အပါအဝင် လိုအပ်သည့်ကူညီထောက်ပံ့မှုများကို မဆုတ်မနစ်သော ယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးခဲ့သော တပ်မတော်သားမိသားစု ပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေးထောက်ခံခဲ့ကြသူအားလုံးကိုလည်း လေးစားစွာ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူစွာ သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်




## အယ်လ်ဟာဂျီမာလစ်ခ်ီဒီအော့ဖ် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ်(၁၂)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၁၆**

နောက်ခံကစားသမားသစ် အယ်လ်ဟာဂျီမာလစ်ခ်ီဒီအော့ဖ်သည် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ်(၁၂)ဂျာစီကို ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဆလားဗီးယားပရက်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၂၂သန်းဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။



နောက်ခံကစားသမား အယ်လ်ဟာဂျီမာလစ်ခ်ီဒီအော့ဖ်သည် ဆလားဗီးယားပရက်အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး ခြောက်ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ အယ်လ်ဟာဂျီမာလစ်ခ်ီဒီအော့ဖ်က "ကျွန်တော် ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ အိပ်မက်တွေ ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)



## 2025 Mubadala Citi DC Open
## တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၁ ရက်တွင် စတင်မည်

**ဝါရှင်တန် ဇူလိုင် ၁၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၁ ရက်တွင် စတင်သွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၈ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်ကစားသမား Sebastian Korda နှင့် စပိန်တင်းနစ်မယ် Paula Badosa တို့ဖြစ်သည်။ (NGB)

## ချိန်ဘာလိန် ဘီဆစ်တပ်စ်အသင်းနှင့် စာချုပ်ဖျက်သိမ်း

**လန်ဒန် ဇူလိုင် ၁၆**

တူရကီကလပ် ဘီဆစ်တပ်စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ချိန်ဘာလိန်နှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အင်္ဂလန်ကလပ်အသင်းများအပြင် ဆော်ဒီပရိုလိဂ်ကလပ်အသင်းအချို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ချိန်ဘာလိန်သည် ဘီဆစ်တပ်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။



ဘီဆပ်တပ်စ်အသင်းနှင့် လမ်းခွဲခဲ့သည့် ချိန်ဘာလိန်အား လာမည့်ဘောလုံးရာသီသစ်တွင် မည်သည့်အသင်း၌ မြင်တွေ့သွားရမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ဝဲပုံ) (NGB)

## ပါဘလိုတော်ရေးကို မာယော့ကာအသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၆**

မာယော့ကာအသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ပါဘလိုတော်ရေးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ငါးသန်းဖြင့် ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။




အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မာယော့ကာအသင်းနှင့် ကျောနံပါတ်(၁၄)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ပါဘလိုတော်ရေးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာယော့ကာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မာယော့ကာအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)


## အီကီတီကီကို ခေါ်ယူရန် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇူလိုင် ၁၆**

နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့သည် ဖရန့်ဖတ်အသင်းတိုက်စစ်မှူး အီကီတီကီကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဖရန့်ဖတ်အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဖရန့်ဖတ်အသင်းကလည်း အီကီတီကီအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။




ထို့ကြောင့် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့အနေဖြင့် ဖရန့်ဖတ်အသင်းထံမှ အီကီတီကီအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## နည်းပြ ဆီဖူအန်တက်စ်ကို နည်းပြသစ်အဖြစ် လက်စတာစီးတီးအသင်း ခန့်အပ်

**လန်ဒန် ဇူလိုင် ၁၆**

လက်စတာစီးတီးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဆီဖူအန်တက်စ်ကို သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတွင် ကျူးပီအာ၊ Rubi စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လက်စတာစီးတီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ (ယာပုံ)

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြ ဆီဖူအန်တက်စ်က "ကျွန်တော် အခုလို လက်စတာစီးတီးအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လက်စတာစီးတီးအသင်း အောင်မြင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။(NGB)




## ဒန်နီယယ်လ်ဂျိမ်းစ် လိဒ်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၁၆**

လိဒ်စ်အသင်းသည် အသင်းတောင်ပံကစားသမား ဒန်နီယယ်လ်ဂျိမ်းစ်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက လိဒ်စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၂၇)နှစ်အရွယ်ရှိ ဒန်နီယယ်လ်ဂျိမ်းစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ လာမယ့်ဘောလုံးရာသီမှာ ရလဒ်ကောင်းတွေ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## AFC Challenge League 2025-26 (Preliminary stage)
## ပြိုင်ပွဲကို ရန်ကုန်ယူနိုက်တက်အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်

**ရန်ကုန် ဇူလိုင် ၁၆**

AFC Challenge League 2025-26 (Preliminary stage) ပြိုင်ပွဲကို လာအိုကလပ် Ezra အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမရှိသောကြောင့် ရန်ကုန်ယူနိုက်တက်အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့် ပွဲရက်အား ပြောင်းလဲခြင်းမရှိဘဲ ယခင်သတ်မှတ်ထားသည့် ဩဂုတ်လ ၁၂ ရက် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Ezra အသင်း ယှဉ်ပြိုင်ကစားမည့် Lao National Stadium KM16 သည် AFC U-20 Women's Asian Cup Qualifiers ပြိုင်ပွဲကြောင့် လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် မေတ္တာရပ်ခံလာသောကြောင့် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင် ပြောင်းရွှေ့ကျင်းပခြင်းဖြစ်သည်။

(NGB)

*-*-*-*-*-*-*

## ခင်မာလာထွန်း ဒဏ်ရာမှ သက်သာလာခြင်းကြောင့် လက်ရွေးစင်အသင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၆**

ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့်အတူ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နေပြီဖြစ်သည်။ (အပေါ်ယာပုံ)

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ISPE အသင်းခေါင်းဆောင် ခင်မာလာထွန်းသည် ဒဏ်ရာကြောင့် ကျင်းပပြီးစီးခဲ့သည့် အာရှဖလား အမျိုးသမီး ခြေစစ်ပွဲစဉ်အား လွဲချော်ခဲ့သည်။



ခင်မာလာထွန်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရန်ရှိသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ဆီးဂိမ်းစ်ပြိုင်ပွဲအပြင် ISPE ကလပ်အသင်း၏ အာရှအမျိုးသမီး ချန်ပီယံလိဂ် ခြေစစ်ပွဲစဉ်အား ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ (NGB)




## စစ်ကိုင်းတိုင်းဒေသကြီးတွင် ကွန်ပျူတာသင်တန်း အကြိမ်(၇၀)တွင် ၉၇၀ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့

**မုံရွာ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ်မှစတင်၍ ယနေ့အထိ နှစ်နှစ်အတွင်း ကွန်ပျူတာသင်တန်းပေါင်း အကြိမ်(၇၀) တွင် သင်တန်းသားပေါင်း ၉၇၀ ဦးအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

"စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ လူငယ်တွေ နည်းပညာနဲ့ နီးစပ်မှုရှိအောင်၊ တတ်ကျွမ်းနားလည်မှုရှိအောင် အခုလို ကွန်ပျူတာသင်တန်းတွေကို စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကန့်ဘလူ၊ ကလေးမြို့တွေမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၂၃ ခုနှစ်ကစပြီး ယနေ့အချိန်အထိ သင်တန်းပေါင်း အကြိမ်(၇၀)မှာ သင်တန်းသားပေါင်း ၉၇၀ ဦးကို ကွန်ပျူတာပညာရပ်လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးသည် လည်ပတ်စရာတွေ၊ လေ့လာစရာတွေ ပြည့်ဝနေတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လေ့လာရင် ပြောဆိုနိုင်ဖို့၊ ဝမ်းစာပြည့်ဝဖို့ ကမ္ဘာသုံးဘာသာစကားတွေ တတ်မြောက်ဖို့ လိုအပ်သလို ပြည်ပကိုပညာသင်ကြားဖို့၊ လေ့လာဖို့၊ အလုပ်အကိုင်ဆောင်ရွက်နိုင်ဖို့အတွက် ကမ္ဘာပေါ်မှာအသုံးများတဲ့ ဘာသာစကားတွေ တတ်မြောက်ထားကြဖို့ လိုအပ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်း အမှတ်စဉ်(၄/၂၀၂၅)နှင့် အခြေခံတရုတ်၊ အခြေခံဂျပန်စကားပြောသင်တန်းများဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက မုံရွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၂၅)နှင့် အခြေခံတရုတ်၊ ဂျပန်စကား ပြောသင်တန်းများအတွက် ငွေကျပ် ၁၆၃၀၀၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းထံ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၂၅)နှင့် အခြေခံတရုတ်စကားပြောသင်တန်း၊ အခြေခံဂျပန်စကားပြောသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၂၅) သင်ကြားနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၃၉၄)**

## မန္တလေးမြို့နှင့် ဝမ်းတွင်းမြို့အနီးသို့ ဗဟိုပြု၍ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက မြေငလျင်လှုပ်ခတ်မှု နှစ်ကြိမ်ရှိ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးမြို့နှင့် ဝမ်းတွင်းမြို့အနီးသို့ ဗဟိုပြု၍ ယနေ့နံနက်အစောပိုင်းက ငလျင်လှုပ်ခတ်မှု နှစ်ကြိမ်ရှိခဲ့ရာ ငလျင်အင်အား ရစ်ချ်တာစကေး ၄ အဆင့်အထက် လှုပ်ခတ်ခဲ့ကြောင်း မိုး/ဇလ ထုတ်ပြန်ချက်များအရ သိရသည်။

ယနေ့နံနက် ၃ နာရီ ၂၇ မိနစ်ဝန်းကျင်က မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ ဖြင့်လည်းကောင်း၊ နံနက် ၇ နာရီ ၅၂ မိနစ်ဝန်းကျင်က ဝမ်းတွင်းမြို့ တောင်၊ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ၄ ဒသမ ၂ ဖြင့်လည်းကောင်း လှုပ်ခတ်ခဲ့သည်။

"ငလျင်လှုပ်ခတ်မှုက ကြိုတင်မသိနိုင်ဘဲ လှုပ်ခတ်ပြီးချိန်မှသာ ဘယ်နေရာ ဗဟိုပြုလှုပ်ခဲ့တယ်၊ အင်အားဘယ်လောက်ရှိတယ် စသဖြင့် တိုင်းတာသိရှိနိုင်ပါတယ်။ ဒါကြောင့် ငလျင်ဘေးနဲ့ပတ်သက်လို့ ထိခိုက်မှုနည်းအောင် သက်ဆိုင်ရာတွေက ကြိုတင်ဓာတ်တိုက်လေ့ကျင့်မှုတွေ အသိပညာပေးတာတွေ လုပ်ဆောင်နေကြပါတယ်"ဟု မိုး/ဇလမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်များအရ မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး အတွင်း ဗဟိုပြုလှုပ်ရှားခဲ့သည့် ငလျင်များမှာ မေလအတွင်း ၁၆ ကြိမ်၊ ဇွန်လ အတွင်း ၁၀ ကြိမ်နှင့် ဇူလိုင် ၁၆ ရက်နံနက်ပိုင်း အထိ ၈ ကြိမ်ရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မန္တလေးတိုင်းဒေသကြီးတွင် တစ်ရက်တည်း နှစ်ကြိမ်လှုပ်ခတ်ခဲ့သည့် ငလျင်များမှာ မေ ၂ ရက်နှင့် မေ ၂၁ ရက်တွင် နှစ်ကြိမ်စီလှုပ်ခတ်ခဲ့ရာ ငလျင်ပြင်းအား ရစ်ချ်တာစကေး ၃ ဝန်းကျင်ဖြစ်ကြောင်း၊ ဇွန် ၁၀ ရက်က နှစ်ကြိမ်လှုပ်ခတ်မှုတွင် အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၁ နှင့် ၃ ဒသမ ၂ ဖြင့်လည်းကောင်း၊ ဇူလိုင် ၁၄ ရက်တွင် အင်အား ရစ်ချ်တာစကေး ၃ ဝန်းကျင်ဖြင့်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၉နှင့် ၄ ဒသမ ၂ တို့ဖြင့်လည်းကောင်း လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**



## ရပ်ကွက်၊ ကျေးရွာပေါင်းစုံ မိုးရာသီ(အမျိုးသား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၁၆**

၂၀၂၅ ခုနှစ် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ မိုးရာသီ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီက ခရိုင်အားကစားကွင်းအတွင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြကာ တာဝန်ရှိသူများက ဘင်ခရာနှင့် ပန်းပွားအဖွဲ့၊ ဆိုင်းဘုတ်ကိုင်အဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ မိုးရာသီ(အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၀ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၆ ရက်အထိ ခရိုင်အားကစားကွင်းနှင့် မြို့နယ် အားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မန္တလေးဆိပ်ကမ်း၊ ဧရာဝတီမြစ်ရေသည် လာမည့်တစ်ပတ်အတွင်း ပြန်လည်ကျဆင်းသွားနိုင်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၆ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၁၀၇၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် ၁၂၆၀ အောက် ၁၈၈ စင်တီမီတာ(၆ ပေခန့်)အလိုတွင် ရောက်ရှိနေရာမှ တစ်ပတ်အတွင်း ပြန်လည်ကျဆင်းသွားနိုင်သည်။

မန္တလေးဆိပ်ကမ်းတွင် မြစ်ရေသည် ဇွန် ၁၁ ရက်က ၁၁၂၉ စင်တီမီတာသို့ရောက်ရှိကာ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာအောက် လေးပေကျော်ခန့်ထိ မြင့်တက်ခဲ့ပြီး ထို့နောက်ပိုင်းတွင် မြစ်ရေအမှတ် ၅၈၂ စင်တီမီတာဝန်းကျင်အထိ ကျဆင်းသွားခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ တာဝန်ရှိသူက ပြောသည်။

"ခုလို မြစ်ရေမြင့်တက်မှုက မြစ်ဖျားပိုင်းဒေသတွေမှာ မုတ်သုံမိုး အင်အားအခြေအနေပေါ် မူတည်ပါတယ်။ မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေက စိုးရိမ်ရေအမှတ်အောက် ခြောက်ပေခန့် အလိုရှိရာကနေ လာမယ့် တစ်ပတ်အတွင်း ပြန်လည်ကျဆင်းသွားနိုင်ပါတယ်။ မြစ်၊ ချောင်းကမ်းပါးနဲ့ မြေနိမ့်တွေမှာ နေထိုင်သူတွေအနေနဲ့ မြစ်ရေကြီးခြင်းနဲ့ ပတ်သက်လို့ ကြိုတင်သတိပြု နေထိုင်သင့်ပါတယ်"ဟု ၎င်းက ပြောသည်။

မြစ်ရေတိုင်းထွာချက်များအရ ဇူလိုင် ၁၁ ရက်တွင် ၁၀၀၀ စင်တီမီတာအောက်ရှိခဲ့ရာမှ ၁၂ ရက်တွင် ၁၀၁၈ စင်တီမီတာ၊ ၁၃ ရက်တွင် ၁၀၄၇ စင်တီမီတာ၊ ၁၄ ရက်တွင် ၁၀၆၆ စင်တီမီတာ၊ ၁၅ ရက်တွင် ၁၀၇၇ စင်တီမီတာ ရှိခဲ့ပြီး ဇူလိုင် ၁၆ ရက်တွင် ၁၀၇၂ စင်တီမီတာဖြစ်ရာ ၅ စင်တီမီတာကျဆင်းလာခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် ဆိပ်ကမ်းမြို့များတွင် နံနက် ၆နာရီခွဲတွင် တစ်ကြိမ်၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တစ်ကြိမ်နှင့် ညနေ ၆နာရီခွဲတွင်တစ်ကြိမ် မြစ်ရေတိုင်းထွာ ထုတ်ပြန်လျက်ရှိပြီး မြစ်ရေကြီးခြင်းနှင့် ငလျင်လှုပ်ရှားမှုအခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေ၊ မုန်တိုင်းတိုက်ခတ်မည့် အခြေအနေနှင့် နေ့၊ ညအပူချိန်များကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**



## နှမ်စပါး(အောင်နိုင်တိုး)မျိုးစံကွက်ရိတ်သိမ်း တစ်ဧက ၁၆၅ တင်းခန့်ထွက်ရှိ

**မြို့သစ် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ နဘဲကုန်းကျေးရွာအုပ်စု၊ ကိုရံ(တ)ကျေးရွာ၊ ကွင်းအမှတ်(၁၃၆၅) တောင်သူဦးမြင့်သိန်း စိုက်ပျိုးထားသော နှမ်စပါး(အောင်နိုင်တိုး) တစ်ဧကစိုက်ခင်း၌ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်သည်။



အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဆန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်မြေစာရင်းဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြရာ တစ်ဧကစပါးအစို ၁၆၅ တင်းခန့် ထွက်ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)

**သန်းဝင်းထွန်း(ပြန်/ဆက်)**



## အမရပူရမြို့နယ် တောင်သမန်ကျောင်းတိုက်အတွင်း ထူးဆန်းသည့် ရှေးဟောင်းရုပ်တု နှစ်ခုကို ထိန်းသိမ်းထားရှိ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာ တောင်သမန်ကျောက်တော်ကြီးဘုရား၊ တောင်သမန်ကျောင်းတိုက်အတွင်း ရှေးမြန်မာဘုရင်များ လက်ထက်က ထိုင်းနိုင်ငံမှ လှူဒါန်းထားသော ထူးဆန်းသည့် ရှေးဟောင်းပစ္စည်းနှစ်ခုကို ကျောင်းထိုင်ဆရာတော်က ထိန်းသိမ်းထားကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းရုပ်တုမှာ အမြင့် ၁၈ လက်မဝန်းကျင်ခန့်ရှိ ကျွဲစီးထားသောနတ်ရုပ်တုပေါ်မှ ရုပ်တော်မူဗုဒ္ဓဆင်းတုတော် သီတင်းသုံးနေသည့်ရုပ်တုအား သစ်သားဖြင့် ထုလုပ်ထားကြောင်း အဆိုပါ ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒက မိန့်ကြားသည်။ (အပေါ်ပုံ)

"ဦးဇင်းရဲ့ ရှေးက ဆရာသမားတွေ အစဉ်အဆက် ထိန်းသိမ်းခဲ့ပြီး သူတို့မိန့်ကြားခဲ့တာက ထိုင်းဘုရင်တစ်ပါးက လက်ဆောင်ပေးလှူဒါန်းခဲ့တာလို့ ပြောတယ်။ တစ်နိုင်ငံလုံးမှာ ဒီလိုပုံစံတူ လေးခုရှိတယ်။ နှစ်ခုကတော့ ဒီကျောင်းမှာ၊ ကျန်တဲ့နှစ်ခုကတော့ တောင်ငူမှာ ရှိတယ်။ ဒီရုပ်တုက ထူးဆန်းတယ်လို့ ပြောရမယ်။ ဦးဇင်းအနေနဲ့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်"ဟု ၎င်းက မိန့်ကြားသည်။

ရှေးဟောင်းရုပ်တုမှာ ကျွဲရုပ်တုနှင့် အောက်ခြေခုံအပေါ်မျက်နှာတွင် ထွင်းထုထားသော ထွန်နှင့်ထယ်ပုံများမှာ တောင်သူများ ထွန်ယက်စိုက်ပျိုးမှုကို သရုပ်ဖော်ထားသကဲ့သို့ ၎င်းအပေါ်မှ နတ်ရုပ်မှာ မာရ်နတ်ဟု ယူဆရပြီး နတ်ရုပ်ပေါ်မှ ရုပ်တော်မူဗုဒ္ဓဆင်းတုတော်ကို ထွင်းထုထားသဖြင့် မာရ်နတ်ကို အောင်နိုင်သည်ဟု ယူဆရကြောင်း ဆက်လက်မိန့်ကြားသည်။

ရှေးဟောင်းသုတေသနပညာရှင် တစ်ဦးအား မေးမြန်းရာတွင် "ထွန်ယက်စိုက်ပျိုးကြတဲ့ တောင်သူလယ်သမားတွေ အယူအဆမှာ ရိုးရာမလေ့အရ ပုန်းမကြည်နတ်ကို စိုက်ပျိုးသီးနှံအောင်မြင်ဖို့၊ အထွက်တိုးဖို့ တင်ကြတဲ့သဘောရှိတယ်။ အဲ့ဒါကြောင့် ကျွဲရဲ့အပေါ်က နတ်ရုပ်က ပုန်းမကြည်နတ် ဖြစ်နိုင်တယ်"ဟု ဖြေကြားသည်။

အဆိုပါ ရုပ်တုကို ရွှေချထားပြီး အောက်ခံခုံ၏ ဘေးနှင့်နောက်တွင် ထိုင်း(ယိုးဒယား)စာများ တွေ့ရှိရပြီး ယင်းစာများမှာ ရှေးဟောင်းထိုင်း(ယိုးဒယား)စာများဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ သုတေသီအချို့ လာရောက်စဉ်က ပြသသောအခါ ထိုင်းလူမျိုးတို့၏ လက်ရာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

**(မန္တလေးနေ့စဉ်-၉)**

## စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Women Club) မှ စာဖတ်ဝိုင်းကျင်းပ

**မိုင်းခတ် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Women Club)တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက လူထုအခြေပြု ဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က စာဖတ်ဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်အကြောင်းနှင့် စာပေလေ့လာ ဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး Women Club အသင်းဥက္ကဋ္ဌ ဒေါ်နော်ဝါဝါမောင်က စာဖတ်ဝိုင်းပြုလုပ်ဆွေးနွေးမည့် စာအုပ်ပါအချက်အလက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စာရေးဆရာ ခင်မောင်အေး(နှလုံး)ရေးသားသည့် လူရယ်လို့ဖြစ်လာလျှင် စာအုပ်အား စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူ အမျိုးသမီးများအသင်း (Women Club)မှ အဖွဲ့ဝင်များက လူမှုရေးစိတ်ဓာတ်၊ မှန်ကန်တဲ့ ရွေးချယ်မှု၊ အချိန်ဆိုတာနှင့်ယောက္ခမ၊ ချွေးမနှင့် သမက်များ စသည့် ခေါင်းစဉ်ပါ အကြောင်းအရာများကို အပြန်အလှန် ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ဓါတ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာ ထုတ်လုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းပန် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းဇော်လင်းတင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓနုဒေသ၌ လျှော်ဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ပင်းတယ ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မန္တလေးငလျင်ကြီး ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် ရှမ်းပြည်နယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ခွင့်ပြုချထားသည့်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက "ဓနုဒေသ၊ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး သဘာဝဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ကြစေရန် ရည်ရွယ်၍ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၂) ဦးရာဇာငြိမ်းချမ်း၊ အဖွဲ့ဝင်(၃) ဦးကျော်ကျော်ဦး၊ အဖွဲ့ဝင်(၄) ဒုတိယရဲမှူးကြီး နေလင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးရဲလင်းမောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင်နှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဒေါ်ဝင်းမာသိန်းတို့က ငလျင်ဘေးသင့်အိမ်ထောင်စု ၂၃၆ စုအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၀၃၀၀၀၀ နှင့် မိသားစု ၈၀၅ ဦးအတွက် တစ်လစာ စားနပ်ရိက္ခာ ဆန် ၂၅၁ အိတ်နှင့် ၁၃ ပြည် ၄ ဘူး၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၃၃၈)**

# အသိပညာသစ်ပင်ကို စိုက်ပျိုးပါ

**မြတ်ထေရ်ကျော်**

နေ့စဉ်ဘဝမှာ လူတိုင်းအတွက် အရေးအကြီးဆုံးမှာ ကျန်းမာရေး ဆုလာဘ်ဖြစ်၍ လူတိုင်းကျန်းမာမှ ချမ်းသာသုခ ရကြပါမည်။

လူတို့၏ ချမ်းသာသုခတွင် စိတ်ချမ်းသာမှုသုခသည် အဓိက ဖြစ်ပါ၏။

လူကို စိတ်ကဦးဆောင်၍ စိတ်ချမ်းသာမှုနောက်တွင် ရုပ်ကိုယ်ကာယလည်း ကာယသုခနှင့် ပြည့်စုံလျက် နေရ ထိုင်ရ အဆင်ပြေပါ၏။

ဤလူ ထိုလူ စသည့် လူငယ်၊ လူရွယ်၊ လူကြီး၊ အမျိုးသမီး၊ အမျိုးသား မည်သူမဆို နေ့စဉ် ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာရန် ဆေးနည်းတစ်မျိုးမှာ ငွေကုန်ကြေးကျ မလိုတဲ့ လမ်းလျှောက်ခြင်းပဲ ဖြစ်ပါ၏။

လူတစ်ယောက် နေမကောင်း၊ မကျန်းမာတဲ့အခါ ရောဂါဝေဒနာသက်သာဖို့ ဆေးကုသစရိတ် ငွေကြေးပမာဏ များလှပေရာ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပို၍ ကောင်းမွန်၏။

ထို့ကြောင့် နေ့စဉ်လမ်းလျှောက်တဲ့ လေ့ကျင့်ခန်းကိုတော့ စာရှုသူမိတ်ဆွေ မဖြစ်မနေလုပ်ဖို့ လိုပါ၏။

သည်ကနေ့ နံနက် စာရေးသူသည် လမ်းလျှောက်ရင်း လမ်းဘေး ဝဲ၊ ယာ သေချာစွာ ကြည့်ရှုတဲ့အခါ သစ်ပင်ပေါက်လေးတွေ စိုက်ပျိုးထားပုံ အခြင်းအရာကို မြင်ရသည်ဖြစ်၍ စာရေးသူ၏ စိတ်ထဲ သစ်ပင်လေးတွေရဲ့ အအေးဓာတ်က ခုန်ပေါက်ဝင်ရောက်လာသလို ကြည်နူးနှစ်သက်မှု၊ အားရဝမ်းသာမှု၊ ပျော်ရွှင်မှုနှင့် တစ်ကိုယ်တည်း ခြေလှမ်းတွေ သွက်လက်စွာ လျှောက်လှမ်းနေ၏။

စူးစမ်းစိတ်။ ဘာသစ်ပင်လေးတွေ စိုက်ထားပါလိမ့်။ သြော် … သရက်ပင်လေးတွေ ပြီးတော့ ပိန္နဲပင်၊ အရိပ်ရ ခရေပင်လေးတွေ။ အရွက်ကလေးတွေက စိမ်းမြမြရှိသမို့ ဘဝထဲက အလှတရား။

သစ်တော သစ်ပင်၊ ချစ်ခင်တဲ့ လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး။

ဥတုရာသီ တောကိုမှီ၏။ သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား၏။

တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင်၊ မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။

သတင်းစာတွေမှာ ဖော်ပြပါ ဆောင်ပုဒ်တွေကို ဖတ်ရှုရပေရာ သစ်ပင်စိုက်ပျိုးပွဲတော်မှာ လူသားအကျိုးပြု လုပ်ငန်းကောင်းဖြစ်၏။

သစ်ပင်စိုက်ပျိုးရာတွင် အရိပ်ရသစ်ပင်စိုက်ပျိုး၏။ အချို့ သီးပင်စားပင် စိုက်ပျိုး၏။ အချို့မှာမူ ပန်းအလှပင်စိုက်ပျိုးခြင်းဖြင့် ကမ္ဘာမြေ စိမ်းလန်းစိုပြည်ပြီး မွှေးကြိုင်သော ပန်းရနံ့တွေ ရှူရှိုက်ရတဲ့အခါ စိတ်ရော၊ ရုပ်ရော လန်းဆန်း၍ ပျော်ရွှင်မှုကို ပေးတတ်လေ၏။

သည်နေရာမှာ ပတ်ဝန်းကျင်ကောင်းဖြစ်၏။ အကြောင်းမှာ ကျွန်းပင်ပေါက်လေးတွေနဲ့ ကျွန်းပင်ကြီးတွေဆိုတာ အရွက်ဖားဖားနဲ့ စိမ်းစိုလန်းရွှင်နေ၏။

ပြီးတော့ စိုက်ပျိုးထားတဲ့ ပန်းပင်လေးတွေ၊ လမ်းဘေးဝဲ၊ ယာမှာ နှင်းဆီ၊ စံပယ်၊ ဇွန်၊ စံကားဝါ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ စံကားဖြူ၊ အာဆီယံသပြေပင်လေးတွေ၊ မဟာလှေကားပင်တွေ၊ ကံ့ကော်ပင်တွေ။

စံကားဝါပင်တွေ။ သူ့အပွင့်က ရွှေရောင်လို ဝင်းဝင်းဝါဝါ။ သူ့အရွက်တွေ အညွန့်တွေက စိမ်းစိမ်းမြမြ။

ဇွန်ပင်လေးတွေ။ ဇွန်ပွင့်လေးတွေ ဖြူဖြူဖွေးဖွေးနှင့် အပွင့်သေးငယ်ပေမယ့် ရနံ့မှာမူ သင်းကြူနေ၏။

စံပယ်ပွင့်တွေ။ ကံ့ကော်ပွင့်တွေ။ သူ့အပင်၊ သူ့အရွက်၊ သူ့အပွင့်နှင့် ကမ္ဘာမြေတွင် သူတို့အလှ၊ သူတို့အဆင်း၊ သူတို့ရနံ့ကို ပြသနေကြကုန်၏။

လမ်းဘေး ဝဲ၊ ယာ စံကားဝါပင်တွေ ပွင့်နေကြပေရာ ထိုအမျိုးသမီး ဤအမျိုးသမီး ဘုရားအား ပန်းကပ်လှူဖို့ ရွှေအဆင်းလို ဝါဝင်း၍ မွှေးရနံ့သင်းကြူသော စံကားဝါပန်းတွေ ခူးဆွတ်နေကြလေ၏။ ထိုအခါ…အမျိုးသမီးတွေရဲ့စိတ်ထား၊ ပန်းရဲ့အလှတရားကို ချစ်အားပိုလျက် သဘာဝကမ္ဘာမြေ သစ်ပင်ပန်းပင် မြတ်နိုးမှု အခြင်းအရာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဂုဏ်ရည်ကို ဆရာတက္ကသိုလ် ဘုန်းနိုင်က မြန်မာစာပေလက်ရာ ဖွဲ့ဆိုထားလေ၏။

"သွားခါနီး မောင်ကြီးရယ်တဲ့ မှာခဲ့မယ်၊ ပန်းပင်ကို လူ မဆွတ်စေနဲ့ … ကွယ် … ကိုင်းညွတ်တတ်တယ်။ ငွေစံပယ် လေသွယ်တော့ကြိုင်မွှေး၊ မဆွတ်ကယ် မပန်ရအောင် ဝင်းခြံကို လုံအောင် ပိတ်ပါ့(ကွယ်)…ဘုန်း စိတ်မအေး"။

**အသိပညာသစ်ပင် စိုက်ပျိုးပါ**

စားပင်၊ သီးပင်၊ သစ်ပင်၊ ပန်းပင်တွေကို သက်ရှိလူသားကလျှင် စိုက်တတ်ပျိုးတတ်ပေရာ အသိဉာဏ်ပညာရှိသူမှသာ သစ်ပင်တစ်ပင် ရှင်သန်ခြင်း တန်ဖိုးကို သိကြ၏။ တည်ဆောက်ပြုပြင် မြန်ပြည်တစ်ခွင်၊ ဤနေရာ၊ ထိုနေရာ၊ ဤလူ၊ ထိုလူ စသည့် လူများစွာ ကိုဗစ်-၁၉ ရောဂါဘေး၊ မန္တလေးမြေငလျင်ကြီးဘေး စသည့် ဘေးအန္တရာယ်တွေ ကြုံတွေ့ခဲ့၍ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းတွေနှင့် ရောပြွမ်းလျက် နေထိုင်ကြရ၏။

ထိုသို့ ငလျင်ဘေးသင့်ပြည်သူတို့အား ကမ္ဘာ့နိုင်ငံအသီးသီးမှ လာရောက်ကူညီ၍ ပြည်သူတို့၏ဘဝ ကယ်တင်ထောက်ပံ့ခြင်းဖြင့် ကုသိုလ်ပြုသူတွေ မြင်တွေ့ရသည်တွင် ဝမ်းသာစရာ၊ အားရကျေနပ်မှုဖြစ်လျက် သာဓုခေါ်ရလေ၏။

သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်တွေက ရှောင်၍မရ တွေ့ကြုံတတ်၍ နေ့စဉ် အသက်ရှင်သန်ရေးအတွက် ကျန်းမာရေး၊ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကောင်းမွန်ရေးမှာ လူတိုင်း၏ အသိပညာသည် လွန်စွာအရေးပါ၏။

ဘဝတစ်သက်တာ သက်မဲ့ သဘာဝသစ်ပင်အရိပ် အေးမြသလို လူတိုင်းစဉ်းစားဉာဏ်၊ စိတ်ကူးဉာဏ်ဖြင့် စိုက်ပျိုးတဲ့ အသိပညာသစ်ပင်မှာ ပို၍လုံခြုံလျက် ပူလောင်မှုကင်းဝေးပြီး စိတ်အေးချမ်းမှု ပေးစွမ်းနိုင်လေ၏။

"ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်"ဟု မြန်မာစကားတစ်ရပ်ရှိပေရာ ဤလူ၊ ထိုလူမှာ အရေးအကြီးဆုံးက အသက်ဖြစ်၍ အသက်ရှင်သန်မှုအတွက် အသိဉာဏ်ရှိမှ သင့်လျော်စွာ စားတတ်၊ ဝတ်တတ်၊ ကျန်းမာရေး အသိစိတ်ဓာတ် လိုအပ်၏။

လောကတွင် မရှိတာထက် မသိတာခက်၏။ မသိတာထက် မလုပ်တာခက်ဟု ယောအတွင်းဝန် ဦးဖိုးလှိုင်က မင်းတုန်းမင်းအား လျှောက်ဆိုသည်တွင် ပတ္တမြားလက်စွပ်တစ်ကွင်း ချီးမြှင့်ခဲ့သည်ဟူ၏။

ထို့ကြောင့် လူသားတိုင်း အရိုရယ်၊ အသိရယ်နှင့် အလုပ်တစ်ခုတွင် သတိတရားနဲ့ အောက်မေ့အမှတ်ရ၍ ဉာဏ်ပညာဆင်ခြင်မှု ပဋိသင်္ခါနဗလနဲ့အတူ ဝီရိယ ကြိုးစားအားထုတ်မှု၊ ဇွဲ စွဲမြဲစွာ လုပ်ဆောင်မှုတွေ အချိုးကျလှုပ်ရှားပါက ဘဝတစ်သက်တာ အသိပညာကို စိုက်ပျိုးခြင်းဖြစ်ကြောင်း တွေ့ကြုံလာပေမည်။

ကျောင်းဖွင့်ချိန် စာသင်ခန်းတွင် မြန်မာလူငယ်တွေ ကျောင်းစာပညာသင်ယူမှုမှာ အတန်းပညာ သစ်ပင်စိုက်ပျိုးနေခြင်းဖြစ်၍ အနာဂတ်မြန်မာနိုင်ငံတော် တိုးတက်ဖွံ့ဖြိုး၍ ကမ္ဘာတွင် မြန်မာဆိုတာ ပြသကြပေလိမ့်မည်။

## လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြော

**ညောင်ဦး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရာသီဥတု ဂေဟစနစ်များ ကောင်းမွန်စေရန်နှင့် ပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်အတွက် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းဆောင်ရွက်လျက်ရှိသည့် မင်းနန်းသူကျေးရွာသို့ သွားရောက်ပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့နည်းစေရေးအတွက် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်ကြရန်၊ မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်၍ ကြုံတွေ့ရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်အောင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။



ဆက်လက်၍ ညောင်ဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ပိုင်ထွန်းက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုန်းတီးမှု လျော့နည်းစေရေးအတွက် ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲရေးအကြောင်း သိကောင်းစရာများ၊ ဂေဟစနစ်များ ကောင်းမွန်ရေးနှင့် ရာသီဥတု မျှတကောင်းမွန်စေရေးအတွက် သစ်တောသစ်ပင်များ စိုက်ပျိုး၍ ကာကွယ်ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေး ဆွေးနွေးဟောပြောသည်။ **(အောက်ဝဲပုံ)**

ထို့နောက် တက်ရောက်လာသည့် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက အသိပညာပေး ဆွေးနွေးဟောပြောသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးပြီး သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများတွင် အထောက်အကူပြုစေရန် စွမ်းအားမြှင့် သံပုံးစွပ်မီးဖိုများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုး ဆင်း

**ညောင်ဦး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)က ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက Aureum Place Hotel ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဆင်းပွဲတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသုံးမျိုးတွင် ဆုရရှိခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့်အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းတို့တွင် ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများ သင်တန်းဆင်း အသိအမှတ်ပြု လက်မှတ်များအား ပေးအပ်ချီးမြှင့်ကာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား ဦးဖြိုးမောင်မောင်ဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(၄၈၁)**

# စာအုပ်ခင်းကဏ္ဍ

စာအုပ်အမည် - ဖျတ်ခနဲ ကောက်ကြောင်း
စာရေးသူ - မောင်ကြည်သာ(တောင်တွင်း)
ထုတ်ဝေသည့်စာပေတိုက် - တီကေစာပေ(TK)
တန်ဖိုး - ၁၀၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ
မျက်နှာဖုံးဒီဇိုင်း - ခလယ်
အတွင်းအပြင်အဆင် - ကိုသူရ၊ မအိ
စာမျက်နှာ - (၁၆၇) မျက်နှာ




စာရေးသူ၏ အမှာစာနှင့် အတူ ဆရာမောင်ကြည်သာ ထိတွေ့ခဲ့ရသောစာရေးဆရာ၊ ကဗျာဆရာများ၏ ပုံရိပ်တစေ့တစောင်းနှင့် သူတို့ရေးခဲ့သော စာ၊ ကဗျာများဖော်ပြခြင်း၊ လူပုဂ္ဂိုလ်မသိခဲ့ရသော်လည်း သူတို့ရေးသောစာများမှတစ်ဆင့် သူတို့၏အတွေးအမြင်များ ဖော်ပြခြင်းဖြင့် 'ဖျတ်ခနဲကောက်ကြောင်း'အဖြစ် ဖန်တီးထုတ်ဝေထားသော စာအုပ်ဖြစ်သည်။

စာအုပ်တွင် သော်တာဆွေရဲ့ ကျွန်တော်နဲ့ ဆရာကြီးရွှေဥဒေါင်း၊ ဝိပဿနာဆရာကြီး အက်စ်ဂိုအင်ကာရဲ့ ဘဝတစ်လျှောက်နေသွားနည်း အတတ်ပညာနဲ့ ဒိုဟာမမွေကဗျာ၊ ဆရာထင်လင်းရဲ့ စည်းအပြင်ကလူ၊ တောင်တွင်း၏ အောင်သင်း၊ ဆရာနတ်မောက်ထွန်းရှိန်(သို့မဟုတ်)မန္တလေးကိုချစ်သူ၊ မြန်မာစာရေးထုံးဟာသနဲ့ ဘဝကိုခြယ်မှုန်း၊ မောင်ဘနောက်တဲ့ ရယ်ရွှင်တပြုံးပြုံး၊ဆရာမောင်သွေးသစ်၊ ဆရာ ဦးဝင်းဖေရဲ့ အနုပညာဆိုတာ၊ သိုက်ထွန်းသက်နဲ့ မောင်ကြည်သာ၊ မိမိကိုယ်မှ ထွက်ပြေးလေသူတစ်ဦး(သို့မဟုတ်)မောင်ကိုကို(အမရပူရ)၊ မောင်ခင်သာ နဲ့ မောင်ကြည်သာ၊ တောင်တွင်းမောင်မုန်းမာန်ကိုဖွဲ့ဆိုခြင်း၊ သန့်လှဲ့စင်နဲ့ မောင်ကြည်သာ၊ စိတ်ရဲ့ခြေရာ(သို့မဟုတ်)အတွေးအိမ်ထဲက ဉာဏ်မျိုးထက်၊ ကိုအောင်ခန့်မိုးသမီး၊ နှင်းဆီညိုနဲ့ Hello၊ ကောင်းဇော်၊ မင်းတင်ထွဏ်း၊ မောင်စိုးသစ်၊ မောင်ကြည်သာနဲ့ အချစ်ကိုဖွဲ့ဆိုကြသူများ၊ ဆရာအောင်ချိမ့်ရဲ့ ၁၉၇၅ ခုနှစ် မိုးကောင်းကင်အောက်မှာ၊ မောင်သင်းပန်နဲ့ မောင်ကြည်သာ ဆရာပိုင်စိုးဝေ(သို့မဟုတ်)သိန်းစွန်ငှက်ပျံခဲ့တဲ့ကောင်းကင်၊ ပန်းနုနှင်းဆီကိုနမ်းရှိုက်ခြင်း(သို့မဟုတ်)ဆရာနီမောင်၊ လေရူး (သို့မဟုတ်) ကောင်းဇော်၊ ကဗျာမြင်းရိုင်းကြီး (သို့မဟုတ်)အနီမောင်၊ ဝင်းဝင်းလတ်တို့ဖြစ်ပြီး စံတော်ချိန်နေ့စဉ်သတင်းစာတွင်ဖော်ပြပြီး ဆောင်းပါးများ ဖြစ်သည်။

ကဗျာဆရာ၊ စာရေးဆရာတို့၏ ဘဝပုံကြမ်းကို စိတ်ဝင်စားသူတို့ သဘောကျနှစ်သက်မည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

# ဖော်ညွှန်းသီ

စာအုပ်အမည် - ကြေကွဲဒဏ်ကို တိတ်တဆိတ်ပေါက်ကွဲခြင်း
စာရေးသူ - နက်ရှိုင်း
ထုတ်ဝေသည့်စာပေတိုက် - ဖိုးဝစာပေ(မန္တလေး)
တန်ဖိုး - ၅၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - ကျော်မင်းဦး(မန္တလေး)
စာမျက်နှာ - (၆၂) မျက်မှာ




စာရေးသူ၏ အမှာစာနှင့်အတူ ကဗျာပုံသဏ္ဍာန်ဖြင့် တင်ပြထားသည့် လောကနိယာမ အတွေ့အကြုံများကို ကိုယ်တွေ့ကြုံရသည့် ခက်ခဲမှုခံစားချက်စာစုများဖြစ်သည်။ အပုဒ်ရေ (၅၆)ပုဒ်ဖြင့် စုစည်းထုတ်ဝေထားသည်။

တည်နေမှု

ကြိုးစားနေချိန်မှာ
ပင်ပန်းမှုဒဏ်ကိုတော့ ခံရမှာပါ။
ရည်ရွယ်ချက်လက်တစ်စုံကိုတော့ မမေ့ပါနဲ့
ကြိုးစားမှုက ပင်ပန်းပေမယ့်
ရလဒ်ကတော့ ချိုမြိန်ပါတယ်။
အထနေးလို့ နောက်ကျနေခဲ့ရင်တောင်
ရှိတဲ့ခွန်အားကို သုံးပြီး
အကောင်းဆုံး ရှေ့ဆက်လိုက်ပါ။
အနည်းဆုံးတော့ ကိုယ်ပြန်ထခဲ့တဲ့နေရာက
နောက်မှာ ကျန်နေခဲ့မှာပါ။
ဘဝဟူသည် နေထိုး၍ ညိုးရသည်
သို့သော် ပန်းပမာ
နွမ်းလျစာ မြေခကြွေကျဖို့ မဟုတ်ပါ။
ကိုယ့်ရဲ့ကြိုးစားမှုဟာ
ကိုယ့်အပေါ်မှာသာ မူတည်ပါတယ်။ ။

(စာမျက်နှာ -၁၂ မှ)

ဘဝခွန်အား၊ စိတ်ခွန်အား တိုးပွားစေမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

# လင်္ကာဆို

* ထူးမြတ်ကွယ့် လဝါဆို
ကောင်းကင်ပျို လှဖြာတင့် ။
ဖူးဖူးအင့် စွယ်စုံယှက်လို့
ပုန်းညက်တို့ပွင့် ။
* ဝဋ္ဋာခွင် နက္ခတ်သင့်ပါလို့
ကရကင့်ဆင့်ရာသီချိန်
စွမ်းထက်ဝတီ ။
ရောင်လွှာလွှမ်း လင်းလက်ထိန်
အမှောင်မှိန် ဝင်းဝင်းလက် ။
ပဥ္စင်းခံ အလှူပြုလို့ရယ်
ကောင်းမှုဆင်လျက် ။
* သန္တေတည် တောမြိုင်ထွက်ပါလို့
ဓမ္မစက် ထူးမြတ်အမှန် ။
တရားဦးကို နာရကြောင်း
ဆုတောင်း ကေန် ။
ဘဝအဆက် ပြုတဲ့ကံ
မဂ်ဖိုလ်ဉာဏ်ရစေပေ့ ။
မြတ်နိဗ္ဗာန် တစ်ဖက်ကမ်းကိုမှ
လှမ်းလို့ပျော်မွေ့။ ။

မင်းမြတ်ပိုး(မန်းမြေ)




## လျှင်ဘေးခံစားခဲ့ရသည့် ရပ်ရွာလူထုအတွက် ငွေထောက်ပံ့ကူညီရေး လေ့လာဆန်းစစ်ထောက်ပံ့မည့် အိမ်ထောင်စုစာရင်းကြေညာ

**စစ်ကိုင်း ဇူလိုင် ၁၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးခံစားခဲ့ရသည့် ရပ်ရွာလူထုအတွက် ကန့်သတ်ချက်မဲ့ ငွေသားထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနိုင်ရန်အတွက် လေ့လာဆန်းစစ်ခြင်းများကို ဇွန်လအတွင်းက စစ်ကိုင်းမြို့နယ်အတွင်း ပြုလုပ်ခဲ့သည်။

လေ့လာဆန်းစစ်ချက်များ ပြုလုပ်အပြီးတွင် စစ်ကိုင်းမြို့ရှိ ဝါးချက်ကျေးရွာ၊ ပိုးတန်းရပ်ကွက်၊ မိုးဇာရပ်ကွက်နှင့် နန္ဒာဝန်ရပ်ကွက်များတွင် ငွေသားထောက်ပံ့မည့် အိမ်ထောင်စုများ စာရင်းကြေညာခြင်းလုပ်ငန်းစဉ်များကို ဇူလိုင် ၁၄ရက်က ပြုလုပ်ခဲ့ပြီး ငလျင်ဘေးသင့်ရပ်ကွက်၊ ကျေးရွာများ ငွေသားထောက်ပံ့ခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၄၅)

## စာပတ်ရှုနိုမြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်ပေး

**ပုံပါကျင် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှုနိုမြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက်အတွင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ၊ ရသစာအုပ်ပေါင်း ၇၀ ကို သယ်ဆောင်၍ အမှတ်(၂)ရပ်ကွက်အတွင်းရှိ စာဖတ်ပရိသတ်များထံမှ ယခင်ငှားရမ်းထားသောစာအုပ်၊ စာစောင်များအပ်နှံမှုကို လက်ခံခြင်း၊စာအုပ်၊စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုံပါကျင်မြို့ရုံးအနေဖြင့် လူငယ်၊ လူရွယ်များ၊ စာပေဝါသနာရှင်များ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့်အလေ့အထများ ရရှိစေရန်နှင့် စာကြည့်တိုက်သို့ စာအုပ်၊စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုနိုင်ခြင်းမရှိသည့် စာဖတ်ပရိသတ်များ အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်စေရန်ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ယာနဒါနယာဉ်အဖြစ် ဆိုင်ကယ်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့်အသင်းချုပ်ရုံး(မန္တလေး) သို့ မန္တလေးမြို့နေ အလှူရှင် ဒေါ်သိန်းကြည်၊ ဒေါ်နုနုစိန်၊ ဦးလေး ဦးတင်ငွေတို့အားရည်စူး၍ ဒေါ်သွဲ့သွဲ့တင်၊ ဒေါ်ခင်မျိုးချစ်တို့က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ လိုင်စင်ပါ တရုတ်စူပါကပ် ဆိုင်ကယ်တစ်စီးကို ယမန့်နေ့က ယာနဒါနယာဉ်အဖြစ် လှူဒါန်းခဲ့သည်။

အဆိုပါဆိုင်ကယ်အား မန္တလေးအသင်းရုံးအဖွဲ့ဝင် ဒေါ်စိန်စိန်အေးက ဥက္ကဋ္ဌ ဦးလှဝင်း ကိုယ်စားထပ်ဆင့်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့ တပ်ဦး ဘ·က ပညာသင်ကျောင်းသို့ ယာနဒါနယာဉ်အဖြစ် လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တဝါယမက လက်ခံရယူခဲ့သည်။ **(အောက်ပုံ)**

ယာနဒါနယာဉ်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၄၄၂၀၇၄၄၆၆ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(ကဆ)**





# ဓမ္မာရုံကြီး ဘေးနှစ်ဖက်တိုးချဲ့ဆောင် ဆောက်လုပ်မည်

**စဉ့်ကိုင် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသ မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာကြီးအတွင်း၌ တည်ရှိသော ဓမ္မာရုံကြီး၏ တစ်ဖက် အကျယ် ပေ ၂၀၊ အရှည် ၈၅ ပေ ရှိသော ဘေးနှစ်ဖက်တိုးချဲ့ဆောင် ဆောက်လုပ်မည်ဖြစ်ကြောင်း ရိပ်သာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဗွန်ဝမ်းစတား တာယာရောင်းဝယ်ရေး)ထံမှ သိရသည်။

အဆိုပါ တိုးချဲ့ဆောင်ကို စစ်ကိုင်းမြို့နေ ဦးအောင်ခိုင်+ဒေါ်ဝါဝါလှိုင် (အောင်ခိုင် ဆေးဆိုင်) မိသားစုက မ,တည် အလှူငွေကျပ်သိန်းလေးထောင် လှူဒါန်းထားပြီး အောက်ခံပါကေးများကို မန္တလေးမြို့နေ ဦးသောကြာ(ခ) ဦးသက်ခိုင်ဦး+ဒေါ်သင်းဇာခြည်ဝင်း၊ (သား)မောင်အောင်မင်းခန့်၊ (သမီး)မသင်းရတီလင်း(ပန်းအိပ်မက်အထည်ဆိုင်)မိသားစုက လှူဒါန်းခဲ့သည်။

အဆိုပါဓမ္မာရုံကြီးအတွင်း၌ ယောဂီသူတော်စင်များ တရားဘာဝနာများ အဆင်ပြေစွာ အားထုတ်နိုင်ရန်အတွက် အင်ဗာတာ Aufit အမျိုးအစား(သုံးကောင်) Air Con အသစ်များ တပ်ဆင်နိုင်ရန်၊ ဓမ္မာရုံကြီးဘေးနှစ်ဖက် တိုးချဲ့ဆောင်အား ဝါတွင်းကာလအတွင်း အပြီးသတ်ဆောက်လုပ်နိုင်ရန်အတွက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လှူဒါန်းနိုင်ပြီး အလှူရှင်များအနေဖြင့် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ထံလှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(PNT)**

# ဒိုင်အိုစီဇင်သံတဲကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း(ဒိုင်အိုစီဇင်သံတဲအထက်တန်းကျောင်း)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ်၊ ၂၂လမ်းနှင့် ၈၆ လမ်းထောင့်ရှိ အမှတ်(၁၀)အ·ထ·က စာကြည့်တိုက်တွင် ကျင်းပရာ တိုက်တော်ကျောင်းတိုက်၊ ရတနာပုံကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစရဉာဏသီရိပဝရဓမ္မာစရိယ အမှူးပြုသော သံဃာတော်ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်နှင့်ဆရာ၊ ဆရာမများက ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (၀၄၅)



စိဝိတဒါနသံဃာ့ဆေးရုံကြီး၊ ကန်တော်ကြီး–ကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်သို့ အလှူရှင်၊ ရန်ကုန်မြို့၊ ဦးဝသုံ့ပြည့်စုံမွေးနေ့အထိမ်းအမှတ်အတွက် BAW ZICO, Ltd. မှ ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (ကဆ)

# ရေဘေးရှောင်ပြည်သူများအား စားသောက်ကုန်နှင့် ထောက်ပံ့ကြေးများ ပေးအပ်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်တို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်သည့် ပြည်သူများအား စားသောက်ကုန်နှင့် ထောက်ပံ့ကြေးများကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူသွဲ့သွဲ့အောင်နှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့် ဦးစီးအရာရှိများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ရေးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးရှောင်ပြည်သူ ၂၃၈ ဦးအတွက် တစ်ပတ်စာဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် တစ်ဦးလျှင် ၅၀၀၀ စီ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အိမ်ထောင်စု ၄၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ခေါက်ဆွဲခြောက်ထုပ် ၁၀ ထုပ်၊ ရေသန့်ကတ်တစ်ကတ်စီကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မိုးသီး)**

သင်
ကျန်းမာလိုလျှင်
ဆီနှင့် အငန်
လျှော့စားပါ။

# တို့လူငယ် ကုသိုလ်ဖြစ်ဆေးခန်း ဇူလိုင် ၁၉ ရက်တွင် ဖွင့်လှစ်မည်
## ကျန်းမာရေးအခမဲ့စစ်ဆေးကုသပေး၊ ငွေနှင့် ဆေးဝါးများ လှူဒါန်းနိုင်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇(A)လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းကို ဇူလိုင် ၁၉ရက် စနေနေ့ နံနက် ၆နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်ပြီး လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ ဒေသမရွေး လူနာများအား အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါများကို စေတနာဆရာဝန် သုံးဦး၊ သူနာပြုဆရာမကြီး သုံးဦးဖြင့် အခမဲ့ကုသပေးလျက်ရှိရာ လာရောက်ပြသနိုင်ကြောင်းနှင့် E.C.G စစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်းများလည်း အခမဲ့ဆောင်ရွက်ပေးသည်။

တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်းတစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀၊ ၁၅၀ ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည်ဆက်လက်ရပ်တည်နိုင်ရေးဆေးနှင့် ဆေးပစ္စည်းများ၊ (ဆီးချိုကျဆေး)၊ (သွေးကျဆေး)၊(အစာအိမ်ဆေး)၊ (ပိုးသတ်ဆေး)၊ (ထိုးဆေး/အားဆေး)၊ သွားနှင့်ခံတွင်းရောဂါများအတွက် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ အနာကျက်ဆေး၊ ဗီတာဒိုင်း၊ ဝါဂွမ်း၊ အသေးစားခွဲစိတ်ခြင်း၊ အရေပေါ်ဆေးများ၊ ချုပ်ကြိုးများအား ဖုန်း ၀၉-၂၅၉၅၁၀၃၉၈နှင့် ၀၉-၂၅၅၀၆၈၅၃၃(Viber)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကုသိုလ်ဖြစ်ဆေးခန်းသို့ လစဉ်အလှူအဖြစ် ဇူလိုင်လအတွက် ငွေကျပ်ငါးသိန်းကို ချမ်းမြသာစည်မြို့နယ်နေ ဦးမြင့်သိန်း(စာရေးဆရာ မောင်ကျေးရေ-မြေအောက်ရေပညာရှင်) + ဒေါ်မေမိသားစုက လာရောက်လှူဒါန်းခဲ့သည်။

တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်းသို့ ရပ်နီး၊ ရပ်ဝေးမှလာရောက်ပြသကုသသူများကိုလည်း နံနက်ခင်း အာဟာရထမင်းနှင့် ကြက်ကုလားပဲဟင်းဖြင့် သုံးဆောင်နိုင်ရန် ဒါနပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



# ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်က ပေကျင်းမြို့တော်၌ လက်ခံတွေ့ဆုံ



**ပေကျင်း ဇူလိုင် ၁၆**

တရုတ်သမ္မတရှီကျင့်ဖျင်က ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်ကို ဇူလိုင် ၁၅ရက်က ပေကျင်းမြို့တော်၌ လက်ခံတွေ့ဆုံကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်နှင့် ဩစတြေးလျနှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန်၊ ဘက်ပေါင်းစုံ ချဉ်းကပ်မှုနှင့် လွတ်လပ်သော ကုန်သွယ်ရေးကို ထိန်းသိမ်းရန် ပူးပေါင်းဆောင်ရွက်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းရင်ဆိုင်ရန် အဆိုပါခေါင်းဆောင်နှစ်ဦး ကတိပြုခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၌ 'ကွဲပြားမှုများကို ဘေးဖယ်ထား၍ တူညီချက်များကို ရှာဖွေခြင်း' ဟူသော မူကို ဆုပ်ကိုင်သွားမည်ဟူသော ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ကြသည်။

တရုတ်ဝန်ကြီးချုပ် လီချျိုင်းက ရှန်ဟိုင်း၊ ပေကျင်းနှင့် စီချွမ်းပြည်နယ်ရှိ ချန်ဒူးမြို့များသို့ သွားရောက်ပြီး တရုတ်နိုင်ငံသို့ တစ်ပတ်ကြာ တရားဝင်အလည်အပတ်လာရောက်သော ဧည့်သည်တော် ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်ကို ခမ်းနားသော ကြိုဆိုပွဲဖြင့် ခရီးဦးကြိုပြုခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## အချက်အလက်အချို့ကို မတော်တဆပေါက်ကြားစေပြီးနောက် အာဖဂန်လူမျိုး ထောင်ပေါင်းများစွာ ဗြိတိန်သို့ ပြောင်းရွှေ့ခဲ့ကြ



**လန်ဒန် ဇူလိုင် ၁၆**

ဗြိတိန်အရာရှိတစ်ဦးက အချက်အလက်အချို့ကို မတော်တဆပေါက်ကြားစေပြီးနောက် ချမှတ်ခဲ့သည့် လျှို့ဝှက်အစီအစဉ် အရအာဖဂန်လူမျိုးထောင်ပေါင်းများစွာ ဗြိတိန်သို့ ပြောင်းရွှေ့ခဲ့ကြကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တာလီဘန်တို့ အာဖဂန်နစ္စတန်တွင် အာဏာသိမ်းပြီးနောက် ဗြိတိန်သို့ ပြောင်းရွှေ့ရန် လျှောက်ထားခဲ့သူ လူပေါင်း ၁၉၀၀၀ နီးပါး၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ ပေါက်ကြားခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ယင်းအချက်အလက်အချို့ ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်ပေါ်တွင် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ပေါက်ကြားခဲ့သော စာရင်းတွင် ပါဝင်သူများအတွက် ကိုးလအကြာတွင် ပြန်လည်နေရာချထားရေး အစီအစဉ်အသစ်တစ်ခုကို စတင်ချမှတ်ခဲ့ရာ လက်ရှိအချိန်အထိ အာဖဂန်လူမျိုး ၄၅၀၀ ဦး ဗြိတိန်နိုင်ငံသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## ကမ္ဘာ့ငွေကြေးဈေးကွက်ရှိ အမေရိကန်ဒေါ်လာတန်ဖိုး ဂျပန်ယန်းထက်မြင့်တက်ပြီး ယူရိုအောက် ကျဆင်းခဲ့

**ဝါရှင်တန် ဇူလိုင် ၁၆**

မတည်ငြိမ်သည့် အရောင်းအဝယ်များဖြစ်ပွားခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်၏ ဖွန်လစားသုံးသူဈေးနှုန်းများ တက်လာခဲ့ကြောင်း ပြသသည့် အချက်အလက်များကို ဆန်းစစ်သုံးသပ်ခဲ့ကြရာ ဇူလိုင်၁၆ရက်က ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာသည် ဂျပန်ယန်းငွေနှင့်နှိုင်းယှဉ်ပါက မြင့်တက်ခဲ့သော်လည်း ယူရိုငွေနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သို့သော် ဈေးနှုန်းမြင့်တက်မှုသည် ဗဟိုဘဏ်မှ အတိုးနှုန်းလျှော့ချခြင်းကို မည်သည့်အချိန်တွင် ပြန်လည်စတင်မည်ဆိုသည့် မျှော်မှန်းချက်များကို ပြောင်းလဲပစ်ရန် လုံလောက်သည့် အနေအထားမရှိသေးဟု ဆိုသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အခွန်အတုပ်မူဝါဒများသည် ဈေးနှုန်းဖိအားများကို တိုးမြှင့်စေမည်ဟု မျှော်မှန်းထားသဖြင့် မူဝါဒချမှတ်သူများက ၎င်းတို့၏သက်ရောက်မှုများကို စောင့်ကြည့်နေသောကြောင့် ဗဟိုဘဏ်အတိုးနှုန်းကို ဆိုင်းငံ့ထားမည်ဟု ယူဆရကြောင်း သိရသည်။ Mon

## ကနေဒါနိုင်ငံနှင့် အမေရိကန်မြောက်ပိုင်းဒေသများတစ်လျှောက် တောမီးများမှမီးခိုးငွေ့များကြောင့် သတိပေးချက်များ ထုတ်ပြန်

**အော့တဝါ ဇူလိုင် ၁၆**

တောမီးများမှမီးခိုးငွေ့များကြောင့် ကနေဒါနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု မြောက်ပိုင်းဒေသများတစ်လျှောက် လေထုအရည်အသွေး သတိပေးချက်များ ထုတ်ပြန်ထားပြီး တာဝန်ရှိသူများက အရပ်သားများ'အိမ်ပြင်ထွက်သည့်အချိန်ကို ကန့်သတ်ရန်' သတိပေးထားကြောင်း သိရသည်။

ကနေဒါသဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာနက အွန်တာရီယိုပြည်နယ်၏ ဒေသအများစုအတွက် သတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး တောမီးခိုးငွေ့များကြောင့် လေထုအရည်အသွေး သိသိသာသာ ယိုယွင်းပျက်စီးခဲ့ကြောင်း သတိပေးထားသည်။ ယမန်နေ့က တိုရွန်တိုမြို့၏ လေထုအရည်အသွေးသည် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးအဆင့်၌ ရှိနေခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် တာဝန်ရှိသူများက အင်္ဂါနေ့ ညနေပိုင်းအထိ ချီကာဂိုမြို့အတွက် အလားတူ သတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် ထပ်ဆောင်း ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် အကြံပြုထားကြောင်း သိရသည်။

Mon

0-0-0-0-0

STOP AIDS



အမေရိကန်ပြည်ထောင်စု နယူးဂျာစီမြောက်ပိုင်း ပလိန်းဖီးလ်မြို့တွင် ဖြစ်ပွားနေသော မိုးသည်းထန်ရေကြီးမှုအခြေအနေကို တွေ့ရစဉ်။ Mon

## တက်စလာ ဓာတ်အားပေးစနစ်ဘက်ခြမ်း စွမ်းအင်စီမံကိန်း ပထမအဆင့် ရှန်ဟိုင်းမြို့အတွက် လျှပ်စစ်လိုအပ်ချက်ကို လွယ်ကူစွာ ရင်ဆိုင်စေနိုင်မည်

**ပေကျင်း ဇူလိုင် ၁၆**

အမေရိကန်အခြေစိုက် တက်စလာကုမ္ပဏီ၏ ဓာတ်အားပေးစနစ်ဘက်ခြမ်း စွမ်းအင်သိုလှောင်မှုစီမံကိန်း ပထမအဆင့်ကို ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ စတင်လည်ပတ်ရန် စီစဉ်ထားပြီးဖြစ်ရာ စီးပွားရေးနှင့်ဘဏ္ဍာရေးထိပ်တန်းမြို့တော်ဖြစ်သည့် ရှန်ဟိုင်းသည် ဆောင်းရာသီ လျှပ်စစ်ဓာတ်အားလိုအပ်ချက် အမြင့်ဆုံးအချိန်များတွင် ပိုမိုလွယ်ကူစွာနှင့် ကုန်ကျစရိတ်သက်သာစွာ ရင်ဆိုင်နိုင်မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာန ကဖော်ပြသည်။

စီမံကိန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ယွမ် ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၅၈ ဒသမ ၅၈ သန်း) ခန့်ရှိပြီး ၎င်းသည် တရုတ်ပြည်မကြီးတွင် တက်စလာ၏ ပထမဆုံးသော ဓာတ်အားပေးစနစ်ဘက်ခြမ်း စွမ်းအင်သိုလှောင်မှုဌာနလည်း ဖြစ်သည်။

၎င်း၏ စွမ်းအင်သိုလှောင်မှု အဆင့်မြင့်ဘက်ထရီများကို အသုံးပြု၍ အဆိုပါလျှပ်စစ်ကားထုတ်လုပ်သူသည် ၎င်း၏စက်ရုံကို တရုတ်နိုင်ငံ၏ ဓာတ်အားပေးစနစ်နှင့် ချိတ်ဆက်ခြင်းဖြင့် အလားအလာကောင်းသော စွမ်းအင်သိုလှောင်မှု ဈေးကွက်သို့ ဝင်ရောက်ရန် ရည်ရွယ်ထားသည်။

တက်စလာ၏ တရုတ်နိုင်ငံဆိုင်ရာ စွမ်းအင်လုပ်ငန်း အထွေထွေမန်နေဂျာ ဒုံးကွန်းက တရုတ်နိုင်ငံ(ရှန်ဟိုင်း)ပိုင်းလော့အလွတ်ကုန်သွယ်မှုဇုန်၏ လင်းဂန်းအထူးဧရိယာတွင် တည်ရှိသော စီမံကိန်း၏ ပထမအဆင့်သည် ယခုနှစ်အတွင်း စတင်လည်ပတ်ရန် ခန့်မှန်းထားရာ ပြီးစီးပါက မဂ္ဂါဝပ်နာရီ ၃၀၀ ခန့်ရှိသော စွမ်းအင်သိုလှောင်မှုစွမ်းရည်ကို ပံ့ပိုးပေးကာ နွေရာသီနှင့်ဆောင်းရာသီ အမြင့်ဆုံးလိုအပ်ချက် ကာလများအတွင်း မြို့တော်၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို တည်ငြိမ်စေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။ Mon



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို...

❖ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်...

❖ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်

နေပြည်တော် ဇူလိုင် ၁၆

ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၅၉ ပေတွင် တည်ရှိသည့် နောင်ချိုမြို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင်အတွင်း တည်ရှိပြီး မြောက်ဘက်တွင် သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်၊ အရှေ့ဘက်တွင် ကျောက်မဲမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက်ဘက်တွင် ပြင်ဦးလွင်မြို့နယ်တို့ ဝန်းရံတည်ရှိ၍ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် လားရှိုးမြို့တို့သို့ မန္တလေး-လားရှိုးလမ်းမကြီးနှင့် မီးရထားလမ်းများဖြင့် လည်းကောင်း၊ တောင်ကြီးမြို့သို့ အမှတ်(၄၃)ပြည်ထောင်စုလမ်းမကြီးဖြင့် လည်းကောင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။

စာမျက်နှာ ၈ သို့ ☆





## ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ)အဖွင့်ပွဲတွင် မြန်မာအသင်းနှင့် တီမောအသင်းတို့ တစ်ဖက် လေးဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ မိနစ် ၃၀ က မြန်မာအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် လေးဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ယခုပွဲစဉ်တွင် ပွဲစကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။

မြန်မာအသင်းသည် ယခုပွဲတွင် တီမောအသင်းအား အကြိမ်ကြိမ် ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုးများပြန်ပေးခဲ့ရသလို ပွဲပြီးခါနီး ပေးလိုက်ရသည့် ချေပဂိုးများကြောင့် လေးဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ)နောက်ဆုံးပွဲစဉ်အဖြစ် ဇူလိုင် ၂၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)